# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉၂)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၅-၉-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် - ၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025) သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၄

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။ သဘာဝမှပေးထားသည့် ရာသီဥတုနှင့်မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro based Industries)ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လွတ်လပ်စွာစိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီ သုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်းဈေးကွက်ဆိုင်ရာ သတင်းအချက်များကို တောင်သူများထံ အချိန်မီရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်က စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် စုံညီအစည်းအဝေး၌ ပြောကြားသည်။

ဦးဆောင်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နွေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါ၊ ရော်ဘာ၊ ဆီအုန်းသီးနှံ များအထွက်နှုန်း တိုးတက်ရေးအပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

သီးနှံများပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင် သီးနှံများပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံ့စီးပွားဖွံ့တိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်ဦး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၄ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာ သောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များ တွင်မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမှန်တောင်ရပ်ကွက်၊ ၅၈လမ်း ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀ လမ်းထောင့်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၄**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲ တပ်ဖွဲ့မန္တလေးမှ တပ်ဖွဲ့မှူး၊ ရဲမှူး ဇော်နိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် စည်ပင်သာယာရဲတပ်ဖွဲ့ မန္တလေးမှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်(၁၉)ဦးတို့က စုပေါင်းပါဝင်လှူဒါန်းခဲ့ရာ တပ်ဖွဲ့မှူးက သွေးလှူရှင်များကို အာဟာရနှင့် အချိုရည်များ ပေးအပ်အားပေးခဲ့သည်။ အလားတူ စက်တင်ဘာ ၂၁ရက်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းမြသာစည်မြို့နယ် လမ်း၆၀နှင့် ၁၀၆လမ်းရှိ သူနာပြုသင်တန်းကျောင်းနှင့် မန္တလေးမြို့ ဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်းရှိ သိမ်နှင့် ဘုရားကျောင်းကန်ဝန်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

☆ ရှေ့ဖုံးမှ

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိမ်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ယှက်စွာသုံးဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ WYNDHAM GRAND Yangon Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဇနီးနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းဗီဒီယိုကို ပြသကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အဖွင့်ကောင်းဖြင့် စတင်နိုင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် လွန်ခဲ့သည့်(၇၆)နှစ်တာကာလအတွင်း ရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏အောင်မြင်မှုကို ဂုဏ်ပြုသည့် ပွဲဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား နှစ်ပေါင်း(၇၅)နှစ်ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန် လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ထားရှိသည့် ကတိကဝတ်များကို ထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲတစ်ခုဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ ဝင်ရောက် မစွက်ဖက်ရေး၊ အပြန်အလှန်လေးစားမှု၊ တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အဖွင့်ကောင်းဖြင့် စတင်နိုင်ခဲ့ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ် ကယ်ဆယ်ရေး အကူအညီများ၊ ကျန်းမာရေး အကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးဆိုင်ရာ အကူအညီများသည် ငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် မြန်မာ ပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကို ရရှိစေခဲ့ပါကြောင်း၊ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှ ပေးအပ်သော အပြုသဘောဆောင်သည့် အထောက်အပံ့များ၊ အာဆီယံနှင့် ကုလသမဂ္ဂအစရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပံ့ပိုးပေးသည့်အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

**အပြည့်အဝ ယုံကြည်**

နှစ်နိုင်ငံအကြား အပြန်အလှန် ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းက သက်သေခံလျက်ရှိပါကြောင်း၊ သာတူညီမျှမှု၊ အပြန်အလှန်လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းကောင်း ဆက်ဆံရေးကို အခြေခံကာ အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး သံအမတ်ကြီးက တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မော်စကိုမြို့၌ ကျင်းပသည့် First World Public Assembly on New World of Conscious Unity သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် First World Public Assembly on New World of Conscious Unity သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ပေါင်းစည်းရေးဝန်ကြီး Mr. SERGEY GLAZYEV၊ Commonwealth of Independent States (CIS) အတွင်းရေးမှူးချုပ် Mr. SERGEY LEBEDEV၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသတို့မှ ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Secretary General of the World Peoples Assembly ဖြစ်သူ Mr. Andrey Belyaninov နှင့် တွေ့ဆုံဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် Business Forum ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံများ၊ BRICS ၊ SCO များမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ယုံကြည်မှုမှ စီးပွားရေးယုံကြည်မှုသို့ ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်များ၊ From People Trust to Economic Trust (Humanitarian Foundations of Partnership) ခေါင်းစဉ်ဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသည့် လူသားများ၏ယုံကြည်မှုဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေး၊ ယင်းမှတစ်ဆင့် ရေရှည်တည်တံ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် The Role of Business in Economic Integration amid Global Changes ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံအချို့က ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများကြားတွင် စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုများကို အလေးထားဆွေးနွေးခဲ့ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် လက်တွေ့ကျသော အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညီလာခံခန်းမကြီး၌ ကျင်းပသည့် ညီလာခံပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ လူထုအကြား ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ နိုဘယ်ဆုရပုဂ္ဂိုလ်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ သိပ္ပံပညာရှင်များ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့မှ ပညာရှင်များ၊ လူငယ်ခေါင်းဆောင်များ၊ အားကစားသမားများ၊ အာကာသယာဉ်မှူးများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာမှ လူသိများသည့် သတင်းမီဒီယာများမှ သတင်းသမား စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်၌ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. SHOLBAN KARO-OOL နှင့်တွေ့ဆုံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာနှင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်နှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကိုဆွေးနွေးကြပြီး ဒူးမားလွှတ်တော်ရှိ ပြတိုက်အတွင်း လေ့လာခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Russian Presidential Academy မှ Vice Rector ဖြစ်သူ Mr. Andrey Margolin ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ Russian Presidential Academy of National Economy and Public Administration (RANEPA) သို့သွားရောက်ပြီး Economic Development of Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၄ ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိမှု၊ နိုင်ငံပြင်ပကြိုတင်မဲပေးခြင်းနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားမည့်အခြေအနေ၊ ကိုယ်စားလှယ်လောင်း လျှောက်ထားမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။သတင်းစဉ်

❑ စာမျက်နှာ ၂၄ မှ

အဆိုပါ သံချောင်းလုံးများ မြို့ပောင်းဘူတာသို့ ရောက်ရှိစဉ်တွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



## မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ရွှေတချောင်းမြောင်း၊ ကိုလံဘိုမြောင်း တစ်လျှောက်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂၄

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ရွှေတချောင်းမြောင်း၊ ကိုလံဘိုမြောင်း တစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အောင်မြေသာစံမြို့နယ်မှ အမရပူရမြို့နယ်အထိ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းအဖြစ် ရေစီးရေလာကောင်းမွန်စေရန်မြောင်းဆယ်ခြင်းနှင့် မြောင်း ဘေးဝဲယာ ရှိ ရေစီးရေလာကောင်းမွန်ရေးကို ထိခိုက်နိုင်သည့် သစ်ပင်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ တံတားထိုးထားခြင်းများကို ရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရွှေတချောင်းမြောင်းတစ်လျှောက် အထူးသန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ရွှေတချောင်းမြောင်းဘေး ၂၂ လမ်းမှ ၂၆ လမ်းထိ လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း၊ ရွှေတချောင်းမြောင်းဘေး လမ်း ၃၀ မှ ၃၅လမ်းထိလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၈၆လမ်း၊ ရွှေတချောင်းမြောင်းဘေး ၃၉ လမ်းမှ ၄၁ လမ်းထိလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ကိုလံဘိုမြောင်း၊၁၀၁(သိပ္ပံ)လမ်းနှင့် လေဆိပ်ဟောင်းကြားတို့တွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ၁၁၇လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား ကိုလံဘိုမြောင်း ဝဲ၊ ယာတို့တွင်လည်းကောင်း အမရပူရမြို့နယ် တောင်သမန်အရှေ့ပတ်လမ်း၊ ဦးရွှေတောင်တံတားမှ ရတနာပုံတက္ကသိုလ်ထိ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဌာနအလိုက် သန့်ရှင်းရေးဝန်ထမ်းများနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ ဈေးနှင့်သားသတ်ဌာန ၊ စက်ရုံနှင့်မော်တော်ယဉ်ဌာန၊ ရေနှင့် သန့်ရှင်းမှုဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် ဦးမြင့်ဦး၊ ကော်မတီဝင် ဦးနေလင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-၆)



## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး စက်တင်ဘာ ၂၄

မန္တလေး ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကန်ကောက်ရပ်ကွက်၊ ၅၉(B)လမ်းနှင့် ၂၈လမ်းထောင့်ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်စုလှဲ့ရည်ထွေးတို့ တက်ရောက်ကြသည်။



အစီအစဉ်အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စများ၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးနှင့်မဲစာရင်း ကြေညာရန်ကိစ္စရပ်များကိုအကြံပြုဆွေးနွေး တင်ပြကြရာ တင်ပြမှုများအပေါ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၁)

○ စာမျက်နှာ ၂၄ မှ

တောင်ပိုင်း ဌမ်ဒေါင်းပြည်နယ် ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်နိုင်သည်။ ထိုမှတစ်ဆင့် နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/စလ

# အညာမင်္ဂလာဆောင် အိုးအောင်မင်းအောင် ပေါင်းကြဲ့ဇေသား

လွန်ခဲ့သော တော်သလင်းလပြည့် စနေနေ့က ဖြစ်၏။ အဘိုးတို့၏ စကားဝိုင်းဖွဲ့ရာ မန္တလေး တောင်တော်ကြီး၏ တောင်ဘက်ခြေရင်း ဘဝရှင် မင်းတုန်းမင်းတရားကြီးတည်ထားခဲ့သော ကျောက်တော်ကြီးဘုရား၏ အနောက်တောင် စနေထောင့်သို့ ရောက်သွား၏။ အဘိုးတို့၏ စကားဝိုင်းကား မစကြသေး။ ထိုထို ဤဤ ခေါင်းလှည့်၍ ကြည့်နေကြ၏။ မကြာမီမှာပင် စကားဝိုင်းက စတော့၏။

'ဟောဒီတောင်ဘက်က မန္တလေးနန်းတော်ကြီးတည်ဆောက်ခဲ့တာ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်ဆိုတော့ အခုကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်နဲ့ ပိုင်းခြားတိုင်းတာလိုက်ရင် မန္တလေးနန်းတော်ကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၁၆၆ နှစ်ရှိသွားပြီနော် ကိုကြီး စိန်ခိုရဲ့'

'ဟုတ်ပါ့ ကိုကြီးပိန်ရာ။ ဟောဒီ မန္တလေးနန်းတော်ကြီးအကြောင်း ပြောပြီဆိုတာနဲ့ ကုန်းဘောင်ခေတ်မင်းဆက် နေဝင်တဲ့အချိန်မှာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရတဲ့ ဘုန်းကြီးကျောင်းသားလေး မောင်မှိုင်းအကြောင်းကိုလည်း သတိရမိပြန်ပါတယ်'

'မောင်မှိုင်းဆိုတာ ဘယ်သူ့ကိုပြောတာလဲ ကိုကြီးချမ်းအေးရဲ့'

'ဒီလိုလေ ကိုကြီးကြောင်ရဲ့။ ကုန်းဘောင်မင်းဆက် နေဝင်တဲ့အချိန်မှာ မောင်မှိုင်းဟာ ၁၀ နှစ်သားရှိပြီ။ အဲ့ဒီအချိန်မှာ မောင်မှိုင်းဟာ မန္တလေးမြို့၊ ၃၅လမ်း၊ ၈၅လမ်းနဲ့ ၈၆လမ်းကြားမှာရှိတဲ့ မြတောင်ဘုန်းကြီးကျောင်းတိုက်ရဲ့ ဘုန်းကြီးကျောင်းသားဖြစ်နေပြီဗျ ကိုကြီးကြွက်ချီးရ'

'မောင်မှိုင်းဟာ ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်မှ လူဖြစ်ခဲ့တာလေ။ မန္တလေးနန်းတော်ကြီး တည်ထောင်ပြီး ၁၆ နှစ်အကြာမှာ လူဖြစ်ခဲ့တာလေ။ ဒီနှစ်ဆိုရင် မောင်မှိုင်းရဲ့ အသက်ဟာလည်း နှစ်ပေါင်း ၁၅၀ ရှိသွားပြီပေါ့ ကိုကြီးစိန်မြရဲ့'

'မောင်မှိုင်းရဲ့ ဇာတိမျိုးရိုးဗီဇလေးလည်း သိချင်တယ်ဗျာ ကိုကြီးချမ်းအေးရဲ့'

'မောင်မှိုင်းရဲ့ မျိုးရိုးဇာတိက ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဝါးလည်ရွာပါ။ သူ့ရဲ့အဖေက ဦးစံဒွန်းဖြစ်ပြီး အမေကတော့ ဒေါ်အုန်း ဖြစ်ပါတယ်။ မွေးချင်း ငါးယောက်ရှိတယ်။ မောင်မှိုင်းက ဒုတိယသားဖြစ်ပြီး ငယ်နာမည် မောင်လွန်းလို့ခေါ်တယ်'

'နေပါဦး ကိုကြီးစိန်ခိုရဲ့ မောင်လွန်း(ခေါ်) မောင်မှိုင်း မျက်ရည်ကျခဲ့တဲ့နေ့ကလေးများ သိရမယ်ဆိုရင် သိချင်တယ်ဗျာ'

'မောင်မှိုင်း မျက်ရည်ကျခဲ့တဲ့နေ့လား။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် စနေနေ့၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက် စနေနေ့ ညနေ ၃ နာရီတိတိအချိန်မှာ နန်းတော်ရဲ့ တောင်ဘက် အလယ်မုခ်ဦး ကြေးမုံတံခါးလို့ခေါ်တဲ့ ဒီနေ့ခေတ်အခေါ် မင်္ဂလာတံခါးကနေပြီး အင်္ဂလိပ်စစ်သားတွေက သီပေါဘုရင်နဲ့ မိဖုရား စုဖုရားလတ်နဲ့၊ သားတော်၊ သမီးတော်တွေကို ဖမ်းဆီးခေါ်ဆောင်လာကြရာ ပြပေါင်း ၂၁ ပြအလွန် ညနေ ၄ နာရီခန့်မှာ မြတောင်ကျောင်းတိုက်ရဲ့ မြောက်ဘက် ၃၅ လမ်းပေါ် ရောက်လာကြတယ်။ အဲ့ဒီအချိန်မှာ မောင်မှိုင်းဟာ အဖမ်းဆီးခံ သီပေါဘုရင်နဲ့ မိဖုရား၊ သား၊ သမီးတွေဆီကြည့်ပြီး မျက်ရည်တောက်တောက်ကျခဲ့တယ်။ ညနေ ၆ နာရီခန့်မှာတော့ ၃၅ လမ်းရဲ့ အနောက်ထိပ်အဆုံး ဂေါဝိန်ဆိပ်မှာ ရပ်ထားတဲ့ မီးသင်္ဘောပေါ်က အချုပ်ခန်းမှာ သီပေါဘုရင်နဲ့ မိဖုရား၊ သားတော်၊ သမီးတော်တို့ဟာ အဖမ်းဆီးခံ အချုပ်သားများအဖြစ် ရောက်သွားခဲ့ကြရတယ်။ ဧရာဝတီမြစ်ရဲ့ အစုန်ခရီးမှာ မြန်မာတို့ရဲ့ ကုန်းဘောင်မင်း (၁၁)ဆက်ဟာလည်း စုန်းစုန်းမြုပ် ပျောပါသွားရပြီပေါ့ ကိုကြီးပိန်ရာ'

'နေပါဦး ကိုကြီးကြွက်ချီးရဲ့။ မောင်မှိုင်းဟာ ဘယ်လိုများ ပညာတွေရှာခဲ့သလဲဗျ'

'ဒီလိုလေ ကိုကြီးကြောင်ရဲ့။ မောင်မှိုင်းဟာ ဒီနေ့ ခေတ်မှာ ပြောနေကြတဲ့ ဒွတ်ပညာ၊ ဒက်ပညာ၊ ရွတ်ပညာ၊ ယုက်ပညာ ဘာမှမတတ်ဘူးဗျ။ မြန်မာ ပီပီ မြန်မာစာပဲ တတ်တယ်။ မောင်မှိုင်းဟာ ခုနစ်နှစ်သားအရွယ်မှာ သူ့အဖေ ဦးစံဒွန်းရဲ့ ညီအရင်း နှစ်ယောက် ဦးပဋ္ဋင်း နှစ်ပါးက ခေါ်လို့ မြတောင်ကျောင်းကို ရောက်လာခဲ့တယ်။ ကိုရင်ဝတ်ခဲ့တယ်။ ဗုဒ္ဓဘာသာစာပေတွေ သင်ယူခဲ့တယ်။ ပြီးတော့ သူ့အဒေါ် ဒေါ်အုန်း မောင်အရင်း ဝါးလည်ရွာ ကျောင်းဘုန်းကြီး ဦးပညာရဲ့ သူငယ်ချင်းအရင်း ဦးပဋ္ဋင်း ဦးသီရိထံမှာ စာရေးပုံရေးနည်း ပညာတွေကို သင်ယူခဲ့တယ်'

'မောင်မှိုင်းဟာ မြတောင်တိုက်မှာ ဘယ်လိုနေခဲ့တာလဲ ကိုကြီးတုတ်ပေါ်ရဲ့'

'မောင်မှိုင်းဟာ ခုနစ်နှစ်သားအရွယ်ကစပြီး ကိုရင်ဝတ်ခဲ့တယ်။ မြတောင်တိုက်မှာ လေးနှစ်နေခဲ့တယ်။ (၁၁)နှစ်သားအရွယ်ရောက်တော့ စစ်ကိုင်းဘက်ပြောင်းပြီး နေခဲ့တယ်။ မောင်မှိုင်းဟာ မုံရွာနယ်ထဲက မုံရွေးတို့၊ ကြေးမုံ၊ ချောင်းဦး၊ မောင်းထောင်ဒေသတွေမှာလည်း လှည့်လည်နေထိုင်ခဲ့တယ်။ မောင်မှိုင်းရဲ့ ကိုရင်ဘွဲ့အမည်က 'ရှင်ပဏ္ဍိတ' တဲ့။

'ရှင်ပဏ္ဍိတဟာ သင်္ကန်းဝတ်ဘဝနဲ့ ဘယ်နှနှစ်နေခဲ့သလဲ ကိုကြီးရာခိုရဲ့'

'ကိုရင်ပဏ္ဍိတဟာ ကိုရင်ဝတ်နဲ့ ၁၄ နှစ်ကြာတယ် ကိုကြီးရာကူးရဲ့။ အသက် ၂၀ ပြည့်တော့ ရဟန်းခံခဲ့တယ်။ ဦးပဏ္ဍိတ ဖြစ်သွားတာပေါ့။ ဦးပဏ္ဍိတဟာ ရဟန်း (၄)ဝါအရ အသက် ၂၄ နှစ်မှာ လူဝတ်ကြောင်ဘဝ ပြန်လည်သက်ဆင်းခဲ့တယ်လေ'

'ဦးပဏ္ဍိတ ဘဝကနေပြီး မောင်မှိုင်းပြန်ဖြစ်လာတဲ့ မောင်လွန်းဟာ ဘယ်လိုများ အသက်မွေးဝမ်းကျောင်းခဲ့သလဲ ကိုကြီးဘကျော်ရဲ့'

'မောင်မှိုင်းဟာ အညာမြေကနေပြီး အောက်ပြည်ကိုစုန် ရန်ကုန်ကိုရောက် ဇမ္ဗူကျက်သရေ ပုံနှိပ်တိုက်မှာ စာစီ၊ စာပြင်အယ်ဒီတာအလုပ်တွေလုပ်၊ သုံးနှစ်အကြာ ၂၇ နှစ်သားအရွယ်မှာ ရန်ကုန်သူ မရှင်နဲ့ အိမ်ထောင်ပြုလိုက်တယ်ဆိုပဲ ကိုကြီးအယ်ဘောရဲ့'

'ဒါဆို မောင်မှိုင်းမှာ သားထောက်သမီးခံတွေ ကျန်မှာပေါ့နော် ကိုကြီးခိုပြန်ရဲ့'

'ကျန်ပါ့ဗျာ ကိုကြီးကြောင်ရဲ့။ မမြရီ၊ မမြသီ၊ ကိုစိန်ညွန့်၊ ကိုငွေတိုးနဲ့ မမြကြည်တို့ပေါ့။ သားထောက်သမီးခံ ငါးယောက်ထွန်းပေါက်ပြီးနောက် မောင်မှိုင်း ၃၇ နှစ်သားအရွယ်ရောက်တော့ ဇနီးသည် မရှင်ဟာ ဆုံးပါးသွားခဲ့တယ် ကိုကြီးကြောင်ရဲ့'

'နေပါဦး ကိုကြီးစိန်မြရဲ့ မောင်မှိုင်းဟာ ဘယ်လို အမည်နဲ့ ဘယ်လိုစာတွေများ ရေးခဲ့သလဲဗျ'

'မောင်မှိုင်းဟာ 'သခင်ကိုယ်တော်မှိုင်း' ဆိုတဲ့ အမည်နဲ့စာတွေရေးခဲ့တယ်လေ ကိုကြီးရာကူးရဲ့။ ရေးခဲ့တဲ့စာတွေကတော့ အများကို အများကြီးပဲ ကိုကြီးရာကူးရေ'

'ဒါဆို ကိုကြီးချမ်းအေး မှတ်မိတဲ့ သခင်ကိုယ်တော်မှိုင်း ရေးခဲ့တဲ့ စာတစ်ပုဒ်လောက် ရွတ်ပြရင်ကောင်းမယ်ထင်တယ်ဗျာ'

'ရွတ်ပြဆိုလည်း ရွတ်ရမှာပေါ့ ကိုကြီးစိန်ချုပ်ရာ။ အညာမင်္ဂလာဆောင်ဘွဲ့ အထောင့်လေးချိုးကြီးကို ရွတ်ပြမယ်ဗျာ။ အညာသူ၊ အညာသားတွေ မင်္ဂလာဆောင်ပုံ၊ နှစ်ဖက်လူကြီးတွေက လက်ဖွဲ့ပစ္စည်းပေးပုံ၊ ဆုံးမပုံတွေစုံလို့ပေါ့ဗျာ။ ကဲ--နားထောင်ကြဗျို့'

**'ကျုပ်တို့အညာမှာ မင်္ဂလာတစ်မျိုးသာပ၊**
**အပုတ်ဗျို့ ဓမ္မတာ အစဉ်အလာ**
**မညှိုးခဲ့ပေဘု၊**
**အရိုးသမကျ ရှေးလိုပ အဘွားကလည်း**
**ကျီတဆောင်၊**
**(ကိုမင်းရာရယ်)အမျိုးကလည်း မသေးပေဘု၊**
**အဘိုးအဘနှင့်တကွ မေးကြပါတော့၊**
**တစ်မျိုးငါ့မြေးတို့ရယ်လို့၊**
**(အိုကွယ်)အဘိုးကပေးလိုက်ပါတဲ့ နွားညီနောင်။**
**(ဩော်)အမိအဘတို့ကလည်း ပြည့်ပြည့်ဝဝပေမို့**
**ရှိသမျှ ကုန်ချင်ကုန်ရှေ့ဟဲ့လို့၊**
**မယုံရင် ကြုံလျှင် မေးပါတော့၊**
**အလုံတစ်ခွင်မှာ ဂုဏ်အင်ကလည်း**
**မသေးပါဘု၊**
**မုံရွေးကြေးမုံ ချောင်းဦးနယ်တစ်လွှားဆီက၊**
**အလုံကျေး အကုန်မှာ ပြောင်းဖူးသည်**
**တွေကလည်း များလိုက်ပါဘိသနှင့်၊**
**ဆွေသားရင်းချာ ဉာတကာ မိတ်တို့ကိုလ၊**
**အဖေသွားရင်းသာ လာစရာ ဖိတ်ခဲ့တာနှင့်၊**
**ညအိပ်ညနေ အစုံလာကြတော့၊**
**မြုံစရာ အကွက်ဖျင် စောင်နှစ်ခုငဲ့ပြင်၊**
**'ရုံပဝါ'ပါ တဘက်ခြင်ထောင်ကလည်း**
**တစ်ခုပါပဲ၊**
**လုပ်မှုကိုင်တွယ် တောလယ်ယာတစ်ခင်းငဲ့ပြင်၊**
**ပြောင်းခင်း တစ်စလယ်ဝင်နှင့်၊**
**လယ်တစ်ရှင် စပါးနှစ်ဆယ်ထွက်ကိုလ၊**
**(ကိုမင်းရာရယ်)ရှေးအဆက်ဆက်**
**အကြွေးတက်ပြီး**
**အဝေးမထွက်ရအောင် လို့တဲ့ကွယ်၊**
**ပေးလက်ဖွဲ့နှောင်။**
**လမ်းချိုးအရှေ့က**
**စမ်းရိုးအကွေ့ခရောင်း(ယာ)မှာ၊**
**(ဟောသည်က)အထုပ်တွေ ဖြည်ဖြည်ပြီး**
**အကုန်သာကြဲလေရှေ့ဟဲ့လို့၊**
**ခရမ်းမျိုးစေ့ကောင်းစွာ–ငရုတ်**
**ဂျုံ၊ ကုလားပဲသာပ၊**
**နှမ်းမျိုးသွေ့သွေ့ ပြောင်းဝါ ပြောင်းဖြူ ဖရုံပါ**
**ဖရဲငဲ့ပြင်၊**
**ထမ်းပိုး၍ ရောင်းစရာအထုပ် မုန်လာ၊**
**ခဝဲတွေနှင့်၊**
**အလုပ်စုံစရာ ကဘဲရယ်လို့များ**
**လက်ဆောင်၊**
**(အိုကိုမင်းရာရဲ့)သားအတွက်ဆိုတော့၊**
**တအားတက်အောင် ရယ်လို့၊**
**(ကျုပ်တို့)အမေအိုကလည်း ဓားမရှည်–**
**ဓားမတိုတွေနှင့်**
**အခြေကိုနှင်း၊**
**(ကိုမင်းရာရယ်)မယားဘက်က**
**မောင်တွေကလည်း**
**ပလွေတိုနှစ်စင်း။**
**မျိုးဆက်ကာမြဲ၊**
**အိုးခွက်ပန်းကန်အစုံနှင့်**
**ပြည်တစ်ခွင် သထုံရောက်ရာကပဲ**
**လွမ်းမိပါရဲ့၊**
**မြေအင်ဒုံ သောက်စရာ ခွန်းငဲ့ပြင်၊**
**ကွမ်းအစ်ပါ လွယ်အိတ်တစ်လုံးငယ်နှင့်၊**
**ပဲခူးဘူတာမှာလေ–ငနဲ၊ သူခိုး လူညာတွေ**
**မှုန်းလိုက်ပါတဲ့၊**
**ပျောက်သဟာ–ထန်းခေါက်ဖာကလည်း**
**တစ်လုံးပါပဲ၊**
**စုရုံးလိုက်လျှင် တစ်အိမ်ထောင်ပ၊**
**လူ့ထုံးစရိုက်တွင် တသိရ်ပြောင်လောက်ကဲ့၊**
**မင်္ဂလာဆောင်မှာ ခန်းဝင်ကလည်း**
**မနည်းပါဘု၊ မွဲဖို့ရာ ကံကြမ္မာနှင့်၊**
**ဖန်လာပုံ ကုသိုလ်ကလည်း မကောင်းချင်တော့၊**
**(ကိုထွန်းလှရယ်)(ဝါ)(ပိုးကုန်သည်ကြီးရဲ့)**
**အထက်ဟိုအညာမှာလေ**
**ကြက်ဆိုတာမှလည်း မလောင်းခဲ့ပါဘု၊**
**အညာမြေ ဌာနေဟောင်းဆီက၊**
**အကြွေး(တစ်ရာ)ကို ဒွေးခါကလည်း**
**တောင်းပြန်ပေါ့ဟဲ့၊**
**(အမယ်မင်း)မောင်းစရာရယ်လို့များ**
**တပ်လိုက်မှဖြင့်**
**ခေါင်းတခါခါနှင့် ဆက်လှစွာသော၊**
**လှလှဇွေ့ဇွေ့ရယ်နှင့် ဝဝပြည့်ပြည့်**
**နွားပြာတစ်ရှဉ်းကိုလ၊**
**ကျောင်းဒကာကိုသာ အပ်လိုက်ပေရော့၊**
**ရသရွေ့ ဘာဘာညာညာရယ်လို့**
**မငြင်းလေနှင့်၊**
**(မလေးရယ်)ရောင်းကာသာ ဆပ်လိုက်ပေတော့**
**ရွာရှေ့(ယာ)တစ်ခင်း။'**

'ကိုကြီးချမ်းအေး ဆိုလိုက်တဲ့ သခင်ကိုယ်တော်မှိုင်းရဲ့ အညာမင်္ဂလာဆောင်ကတော့ စွယ်စုံကျမ်းထက်တောင် စုံသကိုး ကိုကြီးပိန်ရဲ့။ ကိုင်း ဒီနေ့တော့ ဒါလောက်နဲ့ပဲ နားကြပါစို့ဗျာ'

အဘိုးတို့၏ စကားသံများလည်း ဆိတ်သွားလေပြီ။ တောင်စွယ်မှာ နေမင်းကြီးကလည်း ကွယ်သွားပြီ ဖြစ်၏။

**မောင်လောက**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## BTS အဖွဲ့ဝင်များ အမေရိကန်တွင် အနုပညာအလုပ်နှင့် နှစ်လတာနေကြ

BTS အဖွဲ့ဝင် ခုနစ်ဦးစလုံး ပြန်လည်တွေ့ဆုံခဲ့ကြပြီး အမေရိကန်နိုင်ငံ၊ Los Angeles တွင် နှစ်လတာနေထိုင်ကြပြီး ဂီတ Album အသစ်များ၊ ဖျော်ဖြေပွဲများ၊ သီချင်းများကို ကိုယ်တိုင်လုပ်ကိုင်၍ အဖွဲ့ဝင်များ၏ စိတ်ကူးများကို စုပေါင်းပြီး ပြည်ပနိုင်ငံသား ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြပြီး လေးနှစ်ကြာမှ ပြန်လာကြမည် ဖြစ်သည်။

သတင်းများ၏ အဆိုအရ Full Studio Album ဟု ဖော်ပြထားသဖြင့် Map of The Seoul 7 အပြီး ခြောက်နှစ်ကြာမှ နားဆင်ရမည့် ဂီတရသသစ်အတွက် ပရိသတ်များ ရင်ခုန်စွာ စောင့်မျှော်နေကြသည်။ (SKY)

## Revenged Love Drama ရိုက်ရန် Tian Xu Ning က နှစ်ကြိမ်ငြင်းပယ်ခဲ့

တရုတ်အနုပညာလောကတွင် ရေပန်းစားနေသည့် Revenged Love Drama Series ကို ရိုက်ကူးရန် ကမ်းလှမ်းခဲ့ရာ Tian Xu Ning က နှစ်ကြိမ်တိုင် ငြင်းပယ်ခဲ့ပြီးမှ Ziyu ပါဝင်မည်ဆို၍ လက်ခံခဲ့ခြင်းဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ BL ဇာတ်လမ်းတွဲတွင် တွဲဖက်သရုပ်ဆောင်အဖြစ် Ziyu ကို လက်ခံပြီးမှ Tian Xu Ning က လက်ခံခဲ့ကာ ဒိတ်ဒိတ်ကြဲ သူဌေးသား မြွေချစ်သူအဖြစ် ပြိုင်ကားကွင်းတွင် သူငယ်ချင်းနှင့် အချိန်ကုန်နေသူအဖြစ် ပါဝင်ထားသည်။

Ziyu က ငယ်စဉ်က ဖခင်ကွယ်လွန်ပြီး မိခင်နှင့်နေထိုင်ရာမှ သဘာဝ အပန်းဖြေစခန်းကြီးကို အမွေဆက်ခံခွင့်မရမီ ဘဝကို ရုန်းကန်နေရသူအဖြစ် ပါဝင်ထားကာ Jiang Xiao Shuai မှာ မိဘနှစ်ပါး ကွယ်လွန်၍ စိတ်ဒဏ်ရာရပြီး ဆရာဝန်အဖြစ် ရပ်တည်နေကာ Guo Chengyu မှာ သွေးအေးလူသားလေးဖြစ်ပြီး လုပ်ငန်းများ ဦးစီးနေသူအဖြစ် လူငယ်လေးဦး၏ အချစ်ဇာတ်လမ်းကို ပုံဖော်တင်ဆက် ရိုက်ကူးထား၍ ရေပန်းစားနေသည်။ (SKY)





## အထူးမျက်စဉ်း တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် ခတ်ပေးလျှင် မျက်စိအနီးမှုန်ခြင်းကို ဖြေရှင်းပေးနိုင်မည်ဟု ဆို

အသက်ကြီးလာသည်နှင့်အမျှ အနီးရှိ အရာဝတ္ထုများကို ကြည်လင်ပြတ်သားစွာ မြင်နိုင်စွမ်းနှင့် စာလုံးသေးများ ဖတ်ရှုနိုင်စွမ်းကို လျော့ကျစေသော မျက်စိမှုန်ခြင်းကို လူတိုင်းနီးပါး ခံစားကြရသည်။

ထိုပြဿနာအတွက် ဖြေရှင်းနည်းမှာ မျက်မှန်ဖြင့် စာဖတ်ခြင်းဖြစ်သည်ဟု လူအများက လက်ခံထားကြသည်။ သို့သော် သုတေသနအသစ်များအရ အထူးထုတ်လုပ်ထားသည့် မျက်စဉ်းဆေးရည်ကို တစ်နေ့လျှင် နှစ်ကြိမ်(သို့မဟုတ်)သုံးကြိမ် ခတ်ပေးရုံဖြင့် ဖြေရှင်းနိုင်မည်ဟု ဆိုသည်။

(၄၃)ကြိမ်မြောက် ဥရောပ အတွင်းတိမ်နှင့် မျက်ကြည်လွှာခွဲစိတ်ဆရာဝန်များ ကွန်ဂရက်တွင် လူနာ ၇၆၆ ဦးပါဝင်သည့် နောက်ကြောင်းပြန် လေ့လာမှုရလဒ်များကို သုတေသီများ တင်ပြခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၊ ဘွင်နိုဆိုင်းရက်စ်မြို့တော်ရှိ အနီးမှုန်အဆင့်မြင့်သုတေသနဌာနမှ ဒါရိုက်တာဖြစ်သူ ဒေါက်တာ ဂျီယိုဗန်နာဘီနော့ဇီက ယင်းမျက်စဉ်းဆေးရည်၏အာနိသင်ကို လက်တွေ့ပြခဲ့သည်။

အဆိုပါ မျက်စဉ်းဆေးရည်ကို ၎င်း၏ဖခင်ဖြစ်သူ ကွယ်လွန်သူ ဒေါက်တာ ယော့ဘီနော့ဇီက ဖော်စပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Han So Hee က ဇာတ်ကားသစ်အတွက် ကမ်းလှမ်းခံရ

ကိုရီးယားအနုပညာရှင် Han So Hee နှင့် Choi Min-sik တို့ကို ဇာတ်ကားသစ်ရိုက်ကူးရန်အတွက် ကမ်းလှမ်းထားရာ ဟောလိဝုဒ်ရုပ်ရှင် My Intern ကို ပြန်လည် ရိုက်ကူးမည်ဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဟောလိဝုဒ်ရုပ်ရှင် My Intern မှာ အောင်မြင်မှုရရှိထားပြီး အန်နီဟတ်ထဝေးနှင့် ရောဘတ်ဒီနီရိုတို့ ပါဝင်ထားရာမှ ကိုရီးယားဗားရှင်းအနေဖြင့် ပြန်လည်ရိုက်ကူးရန်အတွက် Han So Hee နှင့် Choi Min-sik တို့ကို ကမ်းလှမ်းထားခြင်းဖြစ်သည်။

ပရိသတ်များက ဇာတ်ကားကောင်းဖြစ်၍ လက်ခံစေချင်ကြသော်လည်း ကာယကံရှင်နှစ်ဦးဖြစ်သည့် Han So Hee နှင့် Choi Min-sik တို့က အကြောင်းပြန်ထားခြင်းမရှိသေးဟု ထုတ်လုပ်သူက တရားဝင် ပြောကြားထားသည်။ (SKY)

## The Simpsons ကာတွန်းကားသည် အချိန်ခရီးသွားနှင့် ဆက်စပ်နေ

ဟောလိဝုဒ်ကာတွန်းဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် The Simpsons မှာ ၁၉၈၉ ခုနှစ်မှ စတင်၍ ထွက်ရှိလာခဲ့ပြီး နှစ်များစွာအကြာက ဇာတ်လမ်းများသည် လက်ရှိဖြစ်ပျက်နေမှုများနှင့် တိုက်ဆိုင်နေ၍ အချိန်ခရီးသွားနှင့် ဆက်စပ်မှုရှိနေကြောင်း ပရိသတ် စိတ်ဝင်စားနေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ကြီး The Simpsons ကားထဲမှ ဖြစ်ရပ်များ အပြင်လောကတွင် ထပ်တူကျဖြစ်ပျက်နေမှုများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ ကပ်ဘေးများ၊ နာမည်ကြီးပုဂ္ဂိုလ်များအကြောင်း၊ ဘောလုံးသမားများဘဝ စသည်တို့၏ အဖြစ်အပျက်များက ၂၀၂၅ခုနှစ်တွင် မဖြစ်ပျက်မီကပင် ယင်းဇာတ်လမ်းတွဲပါ လွန်ခဲ့သောနှစ်များက အဖြစ်အပျက်များနှင့် ထပ်တူကျနေ၍ အချိန်ခရီးသွားနှင့် ဆက်စပ်နေသည်ဟု သတ်မှတ်ခဲ့ကြသည်။ (SKY)




## Taew Natapohn က အချမ်းသာဆုံး ဘီလီယံနာသူဌေးကြီးနှင့် တရားဝင်လက်ထပ်ခဲ့

ထိုင်းအနုပညာရှင် Taew Ntapohn သည် ထိပ်တန်းသရုပ်ဆောင် မင်းသမီးစာရင်းဝင် တစ်ဦးဖြစ်ကာ အနုပညာစွမ်းရည်ပြည့်ဝ၍ အောင်မြင်မှုများရရှိထားရာမှ အချမ်းသာဆုံး ဘီလီယံနာသူဌေးကြီးတစ်ဦးနှင့် တရားဝင်လက်ထပ်ပွဲ ကျင်းပခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရုတစ်လွှား ကျော်ကြားသော Taew Natapohn သည် အနုပညာလောကမှ လေးနှစ်ကြာတွဲခဲ့သော အနုပညာရှင်နှင့် လမ်းခွဲခဲ့ပြီးနောက် အချမ်းသာဆုံး ဘီလီယံနာ သူဌေးကြီးတစ်ဦးနှင့် ဆုံတွေ့ခဲ့ကာ ချစ်သူသက်တမ်း တစ်နှစ်ကျော်၌ လက်ထပ်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

Taew Natapohn က မင်္ဂလာပွဲကို လေး၊ ငါးကြိမ် ကျင်းပ၍ အကောင်းဆုံးဝတ်စုံဒီဇိုင်းများနှင့် ဖက်ရှင်ကျနစွာ ကျင်းပခဲ့ရာ မိသားစုဝင်များ၊ အနုပညာလောကမှ အနုပညာရှင်များ တက်ရောက် အားပေးခဲ့ကြသည်။ (SKY)

*-*-*-*-*



## Benedict Cumberbatch က ဟောလိဝုဒ်ကို ဖြုန်းတီးမှုဟု ဝေဖန်ထား

ဟောလိဝုဒ်မင်းသား Benedict Cumberbatch က ဟောလိဝုဒ်ကို အလွန်အကျွံ ဖြုန်းတီးသည့် လုပ်ငန်းတစ်ခုဟု သုံးနှုန်းခြင်းမှာ Doctor Starnge ဇာတ်ကောင်အတွက် ခန္ဓာကိုယ်ပြင်ဆင်စရိတ်ကြောင့်ဟု ပြောကြား ဝေဖန်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Benedict Cumberbatch က အဆိုပါဇာတ်ကောင်အတွက် ခန္ဓာကိုယ်ပြင်ဆင်ခဲ့ရသည့် သူ၏ အတွေ့အကြုံကို ဥပမာပေး ဝေဖန်ထားမှုကို Ruthie's Table 4 Podcast တွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

Benedict Cumberbatch က ဟောလိဝုဒ်၏ ဖြုန်းတီးမှုများ အကြောင်းတွင် ပြန်လည်အသုံးမပြုသည့် ရိုက်ကွင်းဆောက်လုပ်မှုများ၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်၊ နေရာထိုင်ခင်း အပြင်အဆင်၊ မီးနှင့် စွမ်းအင်သုံးစွဲမှုများ ပါဝင်ကြောင်း၊ ကိုယ်တိုင် Doctor Strange အတွက် ခန္ဓာကိုယ် ပြင်ဆင်စဉ်က တစ်နေ့အစားငါးထပ်အပြင် သရေစာများစားကို စားချင်စိတ်မရှိဘဲ စားခဲ့ရသဖြင့် သူကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လုပ်ကိုင်နေကာ စွမ်းအင်ချွေတာရေးအတွက် ဝေဖန်ခဲ့ခြင်း ဖြစ်သည်။ (SKY)



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြား



နယူးယောက် စက်တင်ဘာ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီလအတွင်း အမေရိကန် သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်၍ ရှစ်လတာကာလ အတွင်း အမေရိကန်နိုင်ငံနှင့်တကွ ဆောင်ရွက်မှုများကို ချီးမွမ်း ပြောဆိုခဲ့သည်။

ထရမ့်သည် စက်တင်ဘာ ၂၃ ရက်က အထွေထွေညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ၎င်းအနေဖြင့် စစ်ပွဲခုနစ်ပွဲကို အဆုံးသတ်စေခဲ့ကြောင်း၊ အဆိုပါအောင်မြင်မှုများအတွက် ငြိမ်းချမ်းရေး နိုဘယ်ဆုချီးမြှင့်ခံရသင့်သည်ဟု လူတိုင်းကပြောနေကြသော်လည်း ဆုရရှိခြင်းကိုစိတ်မဝင်စားကြောင်း၊ လူ့အသက်များကို ကယ်ဆယ်ခြင်း သာဖြစ်ကြောင်း ထရမ့်ကပြောသည်။

ပါလက်စတိုင်းနိုင်ငံအဖြစ် အသိအမှတ်ပြုသည့် ပြင်သစ်နှင့် ဗြိတိန် နိုင်ငံတို့ကို ၎င်းက ဝေဖန်ခဲ့ကြောင်း၊ ဂါဇာစစ်ပွဲကို ချက်ချင်းရပ်တန့် ရမည်ဖြစ်ပြီး ဓားစာခံများပြန်လည်လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများအတွက် အလေးထားရန်လိုအပ်ကြောင်း ထရမ့်က ပြောသည်။ ကုလသမဂ္ဂတွင် ကြီးမားသောစွမ်းဆောင်ရည် အလား အလာရှိသော်လည်း ယခုအချိန်အထိ ထိုစွမ်းရည်နှင့်ဝေးနေသေးသည် ဟု ထရမ့်ကပြောကြားခဲ့သည်။ အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်တွင် ရေနံစိမ်းသိုလှောင်မှု လျော့ကျသွားခဲ့ရာမှ ရေနံဈေးနှုန်းများ ဒုတိယမြောက်နေ့အဖြစ် မြင့်တက်လာ



ဝါရှင်တန် စက်တင်ဘာ ၂၄

ယခင်အပတ်က အမေရိကန်တွင် ရေနံစိမ်းသိုလှောင်မှု လျော့ကျသွားခဲ့ရာမှ ဈေးကွက်အတွင်း ထောက်ပံ့မှု တင်းကျပ်လာသည်ဟု ခံစားရသဖြင့် စက်တင်ဘာ ၂၄ ရက်တွင် ရေနံဈေးနှုန်းများ ဒုတိယမြောက်နေ့အဖြစ် မြင့်တက်လာကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဘရန့်ရေနံအနာဂတ်စာချုပ်များသည် တစ်စည်လျှင် ၂၇ ဆင့် တက်ကာ ၆၇ ဒသမ ၉၀ ဒေါ်လာ သို့ရောက်ရှိခဲ့ပြီး အမေရိကန် အနောက်တက္ကဆက် အင်တာ မီဒီယိတ်ရေနံစိမ်းအနာဂတ်စာချုပ်များမှာမူ ၂၈ ဆင့်တက်ကာ ၆၃ ဒသမ ၆၉ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။

အဓိကထုတ်လုပ်သူနှစ်ဦးက ကြွေးမြီပြန်လည်ပေးဆပ်ရန် အာမခံချက်တောင်းဆိုခဲ့ခြင်းကြောင့် အီရတ်နိုင်ငံ ကာဒစ္စတန် ဒေသမှ ရေနံတင်ပို့မှုကို ပြန်လည် စတင်ရန် သဘောတူညီချက်သည် ရပ်တန့်ခဲ့ပြီး ယင်းဒေသမှ တူရကီသို့ ရေနံပိုက်လိုင်းမှ ပို့ဆောင်မှုများကို ရပ်ဆိုင်းခဲ့သောကြောင့် အင်္ဂါနေ့တွင် အထက်ပါ စံနှုန်းနှစ်မျိုးစလုံးသည် တစ်စည်လျှင် ၁ ဒေါ်လာကျော်အထိ မြင့်တက်ခဲ့သည်။

အီရတ်၏ပြည်ထောင်စုနှင့် ကာဒစ္စတန်ဒေသဆိုင်ရာ အစိုးရများအပြင် ရေနံကုမ္ပဏီများအကြား သဘောတူညီချက်အရ တစ်ရက်လျှင် ရေနံစည် ၂၃၀၀၀၀ ခန့် တင်ပို့မှုကို ပြန်လည်စတင်မည်ဖြစ်ရာ ၂၀၂၃ ခုနှစ်၊ မတ်လမှစတင်၍ ပိုက်လိုင်းစီးဆင်းမှုများ ရပ်တန့်ခဲ့ကြောင်း သိရသည်။

Mon

# လကမ္ဘာသို့သွားမည့် လူလိုက်ပါသည့်ခရီးစဉ် ပထမဆုံးအကြိမ်ကို နာဆာက နောက်နှစ်ဖေဖော်ဝါရီလတွင် အကောင်အထည်ဖော်ဖွယ်ရှိ



ဝါရှင်တန် စက်တင်ဘာ ၂၄

နာဆာသည် မူလစီစဉ်ထားသည့်ရက်ထက် လပေါင်းများစွာစော၍ လကမ္ဘာသို့ ပြန်သွားနိုင်ဖွယ်ရှိနေပြီး ၎င်းတို့၏ အာတေမစ်အစီအစဉ်အရ လူလိုက်ပါသည့် ပထမဆုံးအကြိမ်ခရီးစဉ်ကို အစောတလျင်အနေဖြင့် နောက်နှစ်ဖေဖော်ဝါရီလတွင် အကောင်အထည်ဖော်ဖွယ်ရှိသည်ဟု ယမန်နေ့က ကြေညာလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ လူသားများအား လကမ္ဘာသို့ ပြန်လည်ပို့ဆောင်ရေး အစီအစဉ်ဖြစ်သည့် နာဆာ၏ အာတေမစ်အစီအစဉ်သည် ဒေါ်လာဘီလျံပေါင်းများစွာ အကုန်အကျခံမည့် စီမံကိန်းဖြစ်သည့်အပြင် ၂၀၃၀ ပြည့်နှစ်တွင် လူသားများကို လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်ရန် ရည်မှန်းထားသည့် အခြားနိုင်ငံ၏ အလားတူ ကြိုးပမ်းမှုနှင့်လည်း အပြိုင်ဖြစ်သည်။

ပထမဆုံး အာတေမစ်အစီအစဉ်တွင် လူမပါသော အာကာသယာဉ်သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလက လကမ္ဘာသို့ အသွားအပြန် ခရီးနှင်ခဲ့သည်။

ဒုတိယမြောက် အာတေမစ်အစီအစဉ်အရ ၁၀ ရက်ကြာ လကမ္ဘာအသွားအပြန် ခရီးနှင်မည်ဖြစ်ပြီး သိပ္ပံနည်းကျရှာဖွေတွေ့ရှိမှုများ၊ စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများအတွက် လကမ္ဘာကို စူးစမ်းလေ့လာရန်နှင့် အင်္ဂါဂြိုဟ်သို့ ပထမဆုံးလူသားမစ်ရှင်များအတွက် အခြေခံအုတ်မြစ်တည်ဆောက်ရန် ရည်ရွယ်ထားသည်။

ထိုခရီးစဉ်သည် နာဆာ၏ ပိုမိုကြီးကျယ်ခမ်းနားသည့် အစီအစဉ်ဖြစ်သော တတိယအစီအစဉ်အတွက် စမ်းသပ်မှုတစ်ခုအဖြစ် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။ Mon



# ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆေးရုံတစ်ခု၏ရှေ့၌ မြေကျွံကျမှုဖြစ်ပွား၊ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်စေခဲ့

ဘန်ကောက် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆေးရုံတစ်ခု၏ရှေ့၌ မြေသားကျွံကျမှုဖြစ်ပွားခဲ့ပြီး လူများအား ဘေး လွတ်ရာသို့ရွှေ့ပြောင်းစေခြင်းနှင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်စေခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဆိုပါမြေပြိုကျမှုသည် ထိုင်းနိုင်ငံ၏မြို့တော် ဒူဆစ်ခရိုင်ရှိ ဗာဂျီရာဆေးရုံရှေ့တွင် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

လူမှုမီဒီယာတွင် ပျံ့နှံ့နေသော ဓာတ်ပုံများနှင့် ဗီဒီယိုများတွင် အဆိုပါမြေပြိုကျမှုသည် လမ်းတစ်ခုလုံးအတိုင်းအတာအထိ ရှိနေပြီး အဖြူရောင်ထရပ်ကား တစ်စီးမှာ ပြိုကျနေသောချောက်ကမ်းပါးနှုတ်ခမ်းနားတွင် ရှိနေသည်ကို ပြသနေသည်။

မြေအောက်ရထားဘူတာရုံသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ဥမင်လိုဏ်ခေါင်းပေါက်ရာမှ မြေပြိုကျမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု ဘန်ကောက်အုပ်ချုပ်ရေးမှူး ချတ်ချတ်ဆစ်တီပွန့်က ထိုင်းမီဒီယာများသို့ ရှင်းလင်းပြောကြားသည်။

လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိသူမရှိသေးကြောင်း သိရသည်။

Mon

# ရာဂါဆာအင်အားပြင်းမုန်တိုင်း ဆက်လက်ချဉ်းကပ်လာနေ ဟောင်ကောင်နှင့် တရုတ်တောင်ပိုင်း၌ ကျောင်းများ ပိတ်ထားရ

ပေကျင်း စက်တင်ဘာ ၂၄

ရာဂါဆာအင်အားပြင်းမုန်တိုင်းနှင့်အတူ လေပြင်းများနှင့် မိုးသည်းထန်စွာရွာသွန်းလျက် ချဉ်းကပ်လာသည်နှင့်အမျှ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသအချို့၌ စက်တင်ဘာ ၂၃ ညပိုင်းတွင် တရုတ်အာဏာပိုင်များက မြို့ကြီး ၁၀ မြို့ခန့်ရှိ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်ထားရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရာဂါဆာမုန်တိုင်းသည် ဖိလစ်ပိုင်မြောက်ပိုင်းကို ဖြတ်ကျော်စဉ်က သစ်ပင်များကို လှဲချခဲ့ပြီး အဆောက်အအုံများ၏ အမိုးများကို လန့်ထွက်သွားစေခဲ့ကာ အနည်းဆုံးလူနှစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် ဒေသခံထောင်ပေါင်းများစွာတို့ ကျောင်းများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံခဲ့ကြရသည်။

အဆိုပါစူပါမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ကိုဖြတ်၍ အနောက်ဘက်သို့ ရွေ့လျားနေစဉ်တွင် ဗဟိုအနီး၌ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၀၅ ကီလိုမီတာရှိကြောင်း ဟောင်ကောင်မိုးလေဝသဌာနက တိုင်းတာ သိရသည်။

ထိုင်ဝမ်ကျွန်းအရှေ့ဘက်ခရိုင်ဖြစ်သည့် ဟွာလီယင်၌ မြစ်ဝှမ်းရှိအတားအဆီးများ ပြိုကျ၍ မြို့ပေါ်သို့ ရေများလျှံကျခဲ့ပြီးနောက် လူ ၁၄ ဦးသေဆုံးကာ ၁၂၉ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

Mon



## ပုဂ္ဂလိကဘဏ်များအား မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**အောင်လံ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်များအား မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုး ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဘဏ်ဝန်ထမ်းများအား မီးလောင်မှု၊



မီးလန့်မှုများ ဖြစ်ပွားပါက ရှောင်ရန်၊ ဆောင်ရန် အချက်များနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို လွယ်ကူလျင်မြန်စွာ အသုံးပြုတတ်စေရန် အသိပညာပေးဟောပြောခြင်းနှင့် ဘဏ်ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တဲကြီးကုန်းကျေးရွာအနီး ပဲခူးမြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၃၆ မိုင် တစ်ဖာလုံနှင့် နှစ်ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး တက္ကသိုလ်ဘက်မှ ကလိကျေးရွာဘက်သို့ ပဲခူးမြို့နယ်၊ ကျောက်ကြီးစုရပ်ကွက်နေ ဦးကျော်သူ (၅၃)နှစ်ဆိုသူ မောင်းနှင်ပြီး အမျိုးသား ခုနစ်ဦး လိုက်ပါလာသည့် HINO RANGER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တံတားအမှတ်(၄/၈)အနီးရှိ လမ်းသတိပေးကျောက်တိုင်များကို ဝင်ရောက်တိုက်မိပြီး ရေမြောင်းအတွင်း ထိုးကျရပ်တန့်ခဲ့သဖြင့် တံတားအနီး ကျောက်တိုင်များအား ဆေးသုတ်နေသော ပဲခူးမြို့နယ်၊ သဲဖြူချောင်းကျေးရွာနေ မောင်မိုးကိုကို(၁၃)နှစ်နှင့် ဝမ်းဘဲအင်းကျေးရွာနေ ကိုအာကာ (၂၇)နှစ်၊ မော်တော်ယာဉ်ပေါ်ပါ ဦးကျော်သူပါ အမျိုးသားခြောက်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် မောင်မိုးကိုကိုဆိုသူမှာ အခင်းဖြစ်စဉ်က ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် ဦးကျော်သူ ဆိုသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀



## လျှပ်စစ်မီးတိုင်မှ ဝိုင်ယာကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ကသာ စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၌ လျှပ်စစ်မီးတိုင်မှ ဝိုင်ယာကြိုးများ ဖြတ်တောက် ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ကသာမြို့နယ်၊ ပိတောက်ရွှေဝါလမ်းအရောက်၌ ဆာလာအိတ်သယ်ဆောင်၍ လမ်းလျှောက်လာသူ ကောလင်းမြို့နယ်၊ ဥက္ကံကျေးရွာနေ တင်စိုးဝင်း(ခ)မင်းသား(၃၅)နှစ်ဆိုသူအား ၄င်းသယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ အရှည် ၄၂ ပေခန့်ရှိ ဝိုင်ယာကြိုးခွေများ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ လျှပ်စစ်မီးတိုင်မှ ဖြတ်တောက် ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တင်စိုးဝင်း(ခ)မင်းသားဆိုသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၄၄ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Yutong Mini Bus တစ်စီး၊ Yutong Bus တစ်စီးကိုလည်းကောင်း၊ တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna Light Truck တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ရွှေဘိုမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ရဲဇော်ဦး(၃၃)နှစ်၊ ရွှေဘိုမြို့နယ်၊ မေခွန်ကျေးရွာနေသူများဖြစ်ကြသည့် ဒေါ်စုစုလှိုင်(၄၇)နှစ်နှင့် ဒေါ်လှလှစန်း(ခ) စနေမ (၃၄)နှစ်၊ ထနောင်းဝန်းကျေးရွာနေ ကောင်းမြတ်သော်(ခ)နူရွတ် (၁၆)နှစ်နှင့် ဝက်လက်မြို့နယ်၊ ကျွဲဇင်းကျေးရွာနေ ထွန်းနိုင် (၅၁)နှစ်ဆိုသူတို့အား လည်းကောင်း။

အလားတူ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့နယ်၊ သင်တောကြီးကျေးရွာနေ အောင်ဗိုလ်သွန်း(၂၅)နှစ်ဆိုသူအား လည်းကောင်း၊ ကျိုက်မရောမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့နယ်၊ မင်းရွာကျေးရွာနေ သန့်ဇော်အောင်(ခ) ကတုံး (၂၉)နှစ်ဆိုသူအား လည်းကောင်း။

ထို့အတူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့နယ်၊ အောက်ကျင်းရပ်ကွက်နေ စိုးထိုက်(၅၇)နှစ်ဆိုသူအားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ရဲဇော်ဦးဆိုသူပါ ရှစ်ဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀




အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် လေးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDFအမည်ခံအဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း လေးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူးဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၎င်းကျည် ၇၁ တောင့်၊ RPG တစ်လက်၊ Type-79 တစ်လက်၊ RPG ဖုံးသီး သုံးလုံး၊ ၄၀ မမ ဖုံးသီး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက် ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆို လက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော်တို့ ရန်နောင်မှာ တိုက်ပွဲတွေဖြစ်တော့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က စစ်ရှောင်ရင်းနဲ့ ပဒပ်ချောင်းကျေးရွာကိုရောက်ရှိသွားခဲ့ပါတယ်။ ဒီလိုရောက်ရှိသွားတဲ့အချိန်မှာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ ရွာထဲကိုရောက်ရှိလာပြီး ကျွန်တော်တို့ အသက်အရွယ် ယောကျ်ားလေးတွေကို သူတို့ဝေယျာဝစ္စများခိုင်းဖို့နဲ့ သူတို့အဖွဲ့ထဲကိုဝင်ဖို့ခေါ်ဆောင်သွားခဲ့ပါတယ်။ ရန်နောင်မှာ ပြန်ပြီးနေလို့ရပြီ။ ပြန်မယ်ဆိုတော့ သူတို့စခန်းတွေကို သိနေတာကတစ်ကြောင်း၊ နောက်တစ်ခုက သူတို့ခိုင်းတာတွေကို လုပ်ပြီးသွားပြီဖြစ်တဲ့အတွက် တပ်မတော်ဘက်က သိလို့ရှိရင် ဖမ်းပြီးတော့ နှိပ်စက်မယ်။ အဲဒီလိုပြောတဲ့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့ နေခဲ့ရတယ်။ ကြာလာတော့ လူမျိုးရေးခွဲခြားလာတယ်။ အလုပ်ဆိုရင်လည်း ကျွန်တော်တို့ပဲ လုပ်ရတယ်။ ကင်းစောင့်ရင်လည်း ကျွန်တော်တို့ပဲ စောင့်ရတယ်။ ပြောမှားဆိုမှား ရှိလို့ရှိရင်လည်း ကျွန်တော်တို့ အနှိပ်စက်ခံရတယ်။ ပြည်သူတွေကို ဥပဒေမဲ့စွာဖမ်းတယ်။ ဖမ်းပြီးတော့ နှိပ်စက်တယ်။ ကျွန်တော်တို့တွေဆိုလည်း မိဘတွေနဲ့ အဆက်အသွယ်လည်း မရဘူး။ မိဘတွေနဲ့လည်း အဆက်အသွယ် မလုပ်နိုင်ဘူး။ ဖုန်းတွေကိုလည်း သိမ်းထားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိဘတွေနဲ့လည်း ပြန်နေချင်တယ်။ မြို့ပေါ်မှာ တခြားသူငယ်ချင်းတွေ ပျော်နေတာမြင်ရင်လည်း အားကျမိတယ်။ ပြီးတော့ လူငယ်တွေလို လွတ်လွတ်လပ်လပ်လည်း နေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ စည်းကမ်း



တကျလည်း ပြန်နေချင်တာကြောင့် ကျွန်တော်တို့ လေးယောက် တိုင်ပင်ပြီးတော့ အဖွဲ့ထဲမှာ ပစ်အားအကောင်းဆုံးဆိုတဲ့ လက်နက်တွေကို ယူဆောင်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ရောက်ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့ အခါမှာလည်း တပ်မတော်ဘက်က ကျွန်တော်တို့ကို နှိပ်စက်မေးမြန်းခြင်း မရှိတဲ့အပြင် အခုလို နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ပြီးတော့ PDF ထဲမှာရှိတဲ့ ညီအစ်ကိုတွေကိုလည်း ပြောချင်တာက တပ်မတော်ထံ အလင်းဝင်ပါ။ တပ်မတော်ဘက်ကလည်း နွေးထွေးစွာ လက်ကမ်းကြိုဆိုနေပါတယ် ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်

# သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူဇော်မင်းသူနှင့် စောဝင်း(ခ)စိုးဝင်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် သတင်းအရ သဃ်န်းကျွန်းမြို့နယ် (၂၉) ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်နေ စောဝင်း(ခ) စိုးဝင်း(၃၆)နှစ် မောင်းနှင်ပြီး ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်နေ ဇော်မင်းသူ (၃၅)နှစ် လိုက်ပါလာသော Probox ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၂၇၀၀)အား လည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမြို့မှ ကျိုင်းတုံမြို့သို့ တုံတာမြို့နယ် ပန်မတ်ကျေးရွာနေ ရဲလင်းထိုက် (၃၅)နှစ် မောင်းနှင်ပြီး တုံတာမြို့နယ် ပန်ပြင်ကျေးရွာနေ ကျလားရှဲ(ခ) ကျလား လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (ဒေသ တန်ဖိုးငွေကျပ် ၅၆ သိန်း)အား လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ---၊ ၁၉/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Xiao Mei@ xiaomei 7711 အကောင့်မှ တရုတ်ပြည်တွင် ကောင်မလေးများခေါ်သည်၊ အာမခံစီစဉ်ပေးသည်၊ နယ်ဝေးကားစီစဉ်ပေးသည်ဟု ကြော်ငြာထားသည်ကိုတွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ ရှမ်းပြည်နယ် မူဆယ်မြို့နေ အကောင့်ပိုင်ရှင် ကဲ့ကော်ဦး (ခ)မီးမီးက တရုတ်အငှားမယား လုပ်ရမည်၊ တစ်နှစ်တရုတ်ယောကျ်ားနှင့်အတူနေရမည်၊ ငွေကျပ်သိန်း ၈၀ ရမည်ဟု စည်းရုံးပြောဆိုခဲ့ပြီး မိတ္ထီလာမြို့သို့ လာရောက်ရန်ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ မိတ္ထီလာမြို့ ကားဂိတ်တွင် ကဲ့ကော်ဦး(ခ)မီးမီးနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နေ ဘိုဘိုတို့က လာကြိုစဉ် ဖမ်းဆီးရမိခဲ့သဖြင့် မိတ္ထီလာမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်း(ပ) ၁၂/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးမှ တရားခံကဲ့ကော်ဦး(ခ)မီးမီးနှင့် ဘိုဘိုတို့နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## မတ်တီယိုပိုလီတန်နို နာပိုလီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် စက်တင်ဘာ ၂၄**

နာပိုလီအသင်းသည် အသင်းတောင်ပံကစားသမား မတ်တီယိုပိုလီတန်နိုအား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၈ပွဲကစားကာ ၃၄ဂိုး သွင်းယူပြီးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ မတ်တီယိုပိုလီတန်နိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**





## 2025 Chengdu Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Alejandro Tabilo ဆွတ်ခူး

**ပေကျင်း စက်တင်ဘာ ၂၄**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Chengdu Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချီလီတင်းနစ်ကစားသမား Alejandro Tabilo က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချီလီတင်းနစ်ကစားသမား Alejandro Tabilo သည် 2025 Chengdu Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Musetti အား ၆-၃၊ ၂-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၂၈)နှစ်အရွယ်ရှိ Alejandro Tabilo က "ကျွန်တော် အခုလို 2025 Chengdu Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတံဆိပ်တွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ပတ်ဗလိုဗစ်အား ခေါ်ယူရန် မန်စီးတီးအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၂၄**

မန်စီးတီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ပတ်ဗလိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၁ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပတ်ဗလိုဗစ် ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်ရှိနေသည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ ပတ်ဗလိုဗစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဂါဗီ ဒူးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူပြီးနောက် ငါးလဝန်းကျင်ခန့် အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၂၄**

ကွင်းလယ်ကစားသမား ဂါဗီသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူပြီးနောက် ငါးလဝန်းကျင်အထိ အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂါဗီသည် ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သဖြင့် ဘာစီလိုနာအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ကွင်းလယ်ကစားသမား ဂါဗီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ဂါဗီ ဒူးဒဏ်ရာခွဲစိတ်ကုသမှု ခံယူခဲ့ပါပြီ။ သူ့အနေနဲ့ ငါးလဝန်းကျင် အနားယူရဦးမှာပါ၊ သူဟာအသင်းအတွက် ကစားသမားကောင်း တစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**



## ဟာဘစ်ဘ်ဒီယာရာ ပေါင်ခြံဒဏ်ရာကြောင့် သုံးလနီးပါး အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၂၄**

ဆန်းဒါးလန်းအသင်း ကွင်းလယ်ကစားသမား ဟာဘစ်ဘ်ဒီယာရာသည် ပေါင်ခြံဒဏ်ရာကြောင့် သုံးလနီးပါးခန့်အထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဟာဘစ်ဘ်ဒီယာရာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆန်းဒါးလန်းအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဟာဘစ်ဘ်ဒီယာရာသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားပြီး ခြေစွမ်းပြထားသည်။

**(အောက်ပုံ)**

**(NGB)**



## ဆန်ချိုအား အပြီးသတ်ဝယ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၂၄**

အက်စတွန်ဗီလာအသင်းသည် မန်ယူအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား ဆန်ချိုအား အပြီးသတ်ခေါ်ယူရန် စီစဉ်လာခဲ့ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲ နှစ်ပွဲ ပါဝင်ကစားထားသည်။ **(အောက်ပုံ)**

မန်ယူအသင်းကလည်း ဆန်ချိုအတွက် သင့်တင့်သည့်ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် အငှားဖြင့် ခေါ်ယူထားသော ဆန်ချိုအား အပြီးသတ်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)အဖြစ် ယနေ့နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက လီဗန်တေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* အင်္ဂလန်ဘောလုံးလိဂ်(EFL)ဘုတ်အဖွဲ့သည် ပရီးမီးယားလိဂ်တန်းတက်ခွင့်အတွက် အင်္ဂလိပ်ချန်ပီယံရှစ် Play-offs ယှဉ်ပြိုင်ကစားမှု အသင်းအရေအတွက်ကို တိုးမြှင့်ရန် ဆွေးနွေးလျက်ရှိသည်။

* မန်ယူအသင်းသည် အင်တာမီလန်အသင်း နောက်ခံကစားသမား ဒီမာကိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။(NGB)

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၉-၂၀၂၅ နံနက် ၀၀း၀၀ နာရီ | (၁၃)အိုဆာဆူနာ - အယ်လ်ချီ(၅) (L,W,L,W,L) (D,D,W,D,W) | အိုဆာဆူနာ ၂-၁ အယ်လ်ချီ | အိုဆာဆူနာ(အိမ်) | ၂ | ၂ | - | - | ၃ | - |
| | | အယ်လ်ချီ ၁-၁ အိုဆာဆူနာ | အယ်လ်ချီ(ဧည့်) | ၂ | - | ၂ | - | ၃ | ၃ |
| ၂၆-၉-၂၀၂၅ နံနက်၀၂း၀၀နာရီ | (၁၇)အိုဗီအေဒို - ဘာစီလိုနာ(၂) (L,L,W,L,L) (W,W,D,W,W) | အိုဗီအေဒို ၂-၃ ဘာစီလိုနာ | အိုဗီအေဒို(အိမ်) | ၂ | ၁ | - | ၁ | ၁ | ၃ |
| | | ဘာစီလိုနာ ၀-၁ အိုဗီအေဒို | ဘာစီလိုနာ(ဧည့်) | ၃ | ၂ | ၁ | - | ၇ | ၃ |

## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၅-၉-၂၀၂၅ ကြာသပတေးနေ့ | ည ၁၁း၁၅ နာရီ | ဂိုအေအီးဂဲလ် (နယ်သာလန်-၉) - FCSB (ရိုမေးနီးယား-၁၃) | - |
| ။ | ။ | လိုင်လီ (ပြင်သစ်-၅) - ဘရန်း (နော်ဝေ-၃) | - |
| ၂၆-၉-၂၀၂၅ သောကြာနေ့ | နံနက် ၀၁း၃၀ နာရီ | ဗီလာ (အင်္ဂလန်-၁၅) - ဘိုလော့ညာ (အီတလီ-၁၁) | ဗီလာ ၂-၀ ဘိုလော့ညာ (၂၃-၁၀-၂၀၂၄ ချန်ပီယံလိဂ်) |
| ။ | ။ | ဖီရန်ဘားရို့စ် (ဟန်ဂေရီ-၄) - ပလာဇန် (ချက်-၄) | ဖီရန်ဘားရို့စ် ၁-၀ ပလာဇန်<br>ပလာဇန် ၃-၀ ဖီရန်ဘားရို့စ် |
| ။ | ။ | ရိန်းဂျားစ် (စကော့တလန်-၁၁) - ဂျန့်ခ် (ဘယ်လ်ဂျီယံ-၁၄) | - |
| ။ | ။ | ဆောလ်ဘတ် (ဆွစ်ဇာလန်-၅) - ပေါ်တို (ပေါ်တူဂီ-၁) | - |
| ။ | ။ | စတုဂတ် (ဂျာမနီ-၈) - ဆဲလ်တာဗီဂို (စပိန်-၁၁) | စတုဂတ် ၂-၁ ဆဲလ်တာဗီဂို (၂၆-၇-၂၀၂၅ ခြေစမ်းပွဲ) |
| ။ | ။ | ဒူးထရက် (နယ်သာလန်-၈) - လိုင်ယွန် (ပြင်သစ်-၃) | - |
| ။ | ။ | ယန်းဘွိုင်းစ် (ဆွစ်ဇာလန်-၄) - ပါနာသီနာကို့စ် (ဂရိ-၁၂) | ယန်းဘွိုင်းစ် ၁-၂ ပါနာသီနာကို့စ် (၅-၇-၂၀၀၉ အုရှန်ပလားပွဲ) |



## ထိုင်းနိုင်ငံတွင် ကျင်းပသော ဓာတ်ပုံပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အမြင့်ဆုံးဆုရရှိ

**မန္တလေး စက်တင်ဘာ ၂၄**

ထိုင်းနိုင်ငံ The Royal Photographic Society of Thailand(RPST)မှ ကျင်းပသော "Water and Adaptation" ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ခဲ့ရာ အာဆီယံနိုင်ငံများမှ ဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် အမြင့်ဆုံး Grand prize ဆုကို မြန်မာနိုင်ငံမှ ဘိုဘိုဦးက ရရှိခဲ့သည်။ ထို့အတူ National Honorable Mention ဆုကို မြန်မာနိုင်ငံမှ ကျော်ကျော်ဝင်း၊ ပိုက်ထွေးကျော်၊ ရဲကိုကိုတို့က ရရှိကြသည်။ ဆုကြေးငွေမှာ Grand prize ဆုအတွက် အမေရိကန်ဒေါ်လာ (၃၀၀၀)၊ National Award Winner(၉)ဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ(၉၂၀)၊ National Honorable Mentions (၃၀)ဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ(၃၀၀) စီချီးမြှင့်သွားမည်ဖြစ်သည်။

ဆုရဓာတ်ပုံများကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Queen Sirikit National Convention Center (QSNCC)၌ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၅ရက်အထိ ပြသသွားမည်ဖြစ်ပြီး ဆုပေးပွဲ အခမ်းအနားကိုလည်း အဆိုပါနေရာတွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်ထူးခြားမှုမှာ ကမ္ဘောဒီးယားနိုင်ငံမှ ဓာတ်ပုံဆရာ တစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ ဓာတ်ပုံဆရာအား National Honorable Mention ဆုပေးကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၁)

## ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) အကောင်အထည်ဖော်ပူးပေါင်းပါဝင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) အကောင်အထည်ဖော် ပူးပေါင်းပါဝင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယာယီ) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများ အကျိုးထိရောက်မှုရှိစေရန်နှင့် မြန်ဆန်လွယ်ကူလျင်မြန်စေရန် ကဏ္ဍကြီး(၆)ရပ်အား ဦးဆောင်ဌာနများ၊ ဆက်စပ်ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းညွှန်ထားရှိမှုများကို ဟံမြင့်မိုရ် ကျေးရွာ ကော်မတီအဖွဲ့အစည်းများမှ ကျေးရွာလိုအပ်ချက်များ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ ဟံမြင့်မိုရ်ကျေးရွာအား ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း (Smart Village) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ဦးစီးဌာနများက စံပြကျေးရွာထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကဏ္ဍများအကြောင်း အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



## မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ ဧရာဝတီဖလားခရစ်ကတ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရစ်ကတ်အားကစားဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ဧရာဝတီဖလား ခရစ်ကတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိ အားကစားကွင်းရှိ ခရစ်ကတ်အားကစားလေ့ကျင့်ရေးကွင်းတွင် ကျင်းပသည်။

ဧရာဝတီဖလားခရစ်ကတ်ပြိုင်ပွဲသို့ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံမှ တာဝန်ရှိသူများ၊ ခရစ်ကတ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအဖြစ် မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးအသင်းနှင့် မန္တလေးမြို့ ခရစ်ကတ်ဝါသနာရှင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းခင်းပြီး၍ သွားလာရေးအဆင်ပြေ

**ကျွန်းလှ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာအတွင်း ကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းခင်းပြီး၍ သွားလာရေး အဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ အင်းကောင်းကျေးရွာဟာ ကျွန်းလှ- သဖန်းဆိပ် ကားလမ်းဘေး၌ရှိပြီး ဘေးပတ်ဝန်းကျင်က ကျေးရွာများနဲ့ ထိစပ်လျက်ရှိပါတယ်။ ကျေးရွာအတွင်းလမ်းများ အရည်အသွေးကောင်းမွန်ပြီး ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေဖို့၊ ရေစီးရေလာကောင်းမွန်ဖို့အတွက် လမ်းနဲ့တံတားများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းများကို အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ ဆောင်ရွက်လျက် ရှိပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကွန်ကရစ်တံတား အရှည် ၁၈ ပေ၊ အမြင့် ၃ ပေ၊ ရေသွားလမ်း အကျယ် ၂ ပေခွဲနှင့် ကွန်ကရစ်လမ်း အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေ၊ ထု ၄ လက်မ ခင်းခြင်းကို ကျေးရွာနေပြည်သူများ၏ လုပ်အားအလှူရှင်များ၏ လှူဒါန်းမှု ငွေကျပ် သိန်း ၁၅၀ ကျော်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာအတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ရေစီးရေလာကောင်းမွန်ပြီး ရဟန်း ရှင်လူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



## မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကလော စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဝါးရုံပင်ကျေးရွာအုပ်စု၊ ဝါးရုံပင်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေး စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိသည့် စိုက်ကွင်းအမှတ်(၂) အခြေအနေအား စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်သည့် ငွေကြေးအင်အားနှင့် သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမ အသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(ဓါပုံ)

မြို့နယ်(ပြန်/ဆက်)

# ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ကလော စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ် အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်(၁၇)နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အား ကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အ·ထ·က(၁) အသင်းနှင့် အ·ထ·က (၂)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အ·ထ·က(၂)အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် တတိယဆုကို ရရှိခဲ့ပြီး ဗိုလ်လုပွဲအဖြစ် အောင်ပန်းကိုယ်ပိုင်ကျောင်း(ခ)အသင်းနှင့် ဟဲဟိုးမြို့ အင်းခေါင်း အ·ထ·က(၇) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အပြီးတွင် တစ်ဖက်တစ်ဂိုးစီသွင်းထားသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် တစ်ဖက်ကို ငါးဂိုးစီကန်သွင်းခဲ့ပြီး ဟဲဟိုးမြို့ အ·ထ·က(၇) (အင်းခေါင်း) အသင်းက အောင်ပန်းမြို့ကိုယ်ပိုင်ကျောင်း(ခ)အသင်းက သုံးဂိုးဖြင့် အနိုင်ရရှိကာ ပထမဆုကို ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပထမဆု ငွေကျပ်ငါးသိန်းနှင့် ဒိုင်းဆု၊ ဒုတိယဆု ငွေကျပ်သုံးသိန်းနှင့် တစ်ဦးချင်း လည်ဆွဲဆု၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် တစ်ဦးချင်း လည်ဆွဲဆုနှင့် ပြိုင်ပွဲတွင် တစ်ဦးချင်း အကောင်းဆုံးကစားသမားဆု၊ အရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်းနှင့် အကောင်းဆုံး ဂိုးသမားဆုတို့ကို အသီးသီး ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေများဖြင့် ဆောင်ရွက်သော တံတားလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု

**တောင်တွင်းကြီး စက်တင်ဘာ ၂၄**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၈၀ ဒသမ ၀၀၀ သန်းဖြင့် ဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော တောင်တွင်း-အောင်လံကားလမ်းမှ ရွာသစ်လမ်းပေါ်ရှိ ပေ ၄၀ သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာတွင် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (ရုံးချုပ်)မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခိုင်မင်းစိုး၊ လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်ထွန်းကျော်၊ မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခိုင်ခိုင်ထွေးနှင့်အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိသားနီးမြေ)**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတွေးအခေါ်များ မြင့်မားစေရန် အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၅)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ ပူးပေါင်း ကျင်းပကာ စွမ်းရည်မြှင့်ပြိုင်ပွဲများကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ (Community Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပရာတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သချင်္ချာဉာဏ်စမ်းပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အမှတ်(၅)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ ဉာဏ်ရည်မြင့်မားစေရန်သာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများနှင့် စွမ်းရည်မြှင့်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ချမ်းမြေ့မောင်(ချမ်း/စံ)**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာခြောက် ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ ကျေးရွာများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာခြောက်ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ်၊ပျော်ကုန်းကျေးရွာတွင် ဆိုလာရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ညောင်ပင်သာ ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ မလှိုင်မြို့နယ် ဆည်တောကျေးရွာတွင် ဆိုလာတပ်ဆင်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ သာစည်မြို့နယ် သီးကုန်းကျေးရွာနှင့် မုန်ပင်ဆုံကျေးရွာတို့တွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ဝမ်းတွင်းမြို့နယ် သခွပ်မြင့်ကျေးရွာများတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာသူ၊ကျေးရွာသားများမှ လုပ်အား၊ပစ္စည်းပူးပေါင်း ပါဝင်ပြီး ကျေးရွာတွင်းလမ်း အရှည် ပေ ၈၀၀ ၊ အကျယ် ၁၂ ပေ၊ ထု ၆လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သော သာစည်မြို့နယ်၊ သီးကုန်းကျေးရွာအား ခရိုင်ဦးစီးမှူးနှင့် ရုံးအဖွဲ့များက ကွင်းဆင်းစစ်ဆေးကြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ) (၄၆၉)

# မဲပေးစက် အကြောင်းအသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ပြသ



**မြစ်သား စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ မြေစိုက်နံရံကပ်ပြဘုတ်တွင် နည်းပညာများ တိုးတက်လာသောခေတ်နှင့် အညီ အီလက်ထရောနစ်မဲပေးစက်များ အသုံးခြင်းအားဖြင့် လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရည်ရွယ်၍ မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အကြောင်း အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြသပေးခဲ့သည်။ (ဝဲပုံ)

အဆိုပါမြေစိုက်နံရံကပ်ပြဘုတ် ပြသရာတွင် ၂၀၂၅ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်း သရုပ်ပြပွဲဓာတ်ပုံများ၊ (MEVM) မဲပေးစက်အသုံးပြုပုံ၊ မဲပေးပုံအဆင့်ဆင့် စသည့် အကြောင်းအရာများကို ပြသခဲ့ပြီး မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေးတွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



## လောက်သေပင်

လောက်သေပင်သည် တပေါင်း၊ တန်ခူးလများတွင် အသီးရင့်မှည့်ကြသည်။ လောက်သေပင်သည် လေ၊ သလိပ်၊ သည်းခြေကို နိုင်၏၊ အသက်ကို ရှည်စေ၏၊ ကာမကို အားပေး၏၊ ရောဂါဖြစ်စေသော ပိုးများကို ပယ်တတ်၏၊ အဆီကို တိုးပွားစေ၏၊ အူတို့ကို တွန့်ရှုံ့စေတတ်၏၊ အဖျားရောဂါ၊ အဖျားကြောင့်ဖြစ်သော စိတ်မသက်မသာမှု၊ လေရောဂါ၊ မြင်းသရိုက်၊ ဖောရောင်ခြင်း၊ ပန်းနာ၊ ချောင်းဆိုး၊ ရေငတ်နှင့် အန်ခြင်းတို့ကို ပျောက်စေ၏ဟု ဆေးကျမ်းများက ဖော်ပြသည်။

အရွက်မနုမရင့်ကို ပြုတ်၍ သုပ်စားခြင်း၊ တို့စားခြင်းဖြင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်ရောဂါ၊ ကလေးများ သန်ဝမ်းကိုက်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

အရွက်ကို လက်ဖက်ခြောက်ကဲ့သို့ သောက်သုံးပေးလျှင် ဆီးပူ၊ ဆီးအောင့်ရောဂါနဲ့ အရေပြားရောဂါများကို ပျောက်ကင်းစေပါတယ်။

လောက်သေရွက်ကို အခြားသောဆေးပင်တို့နဲ့ ပေါင်းစပ်၍ ဆီးရွှင်ဆေးအဖြစ် ဖော်စပ်သောက်သုံးကြပါတယ်။

လောက်သေရွက်နဲ့ ထားဝယ်မှိုင်းရွက်ကို ရေနွေးဖြော၍ သုပ်စားပါက ဆီးပူ၊ ဆီးအောင့်၊ ဝမ်းကိုက်၊ သွေးဝမ်းသွား၊ သွေးမြင်းသရိုက်၊ မီးယပ်သွေးလွန်တို့ကို ရပ်တန့်စေပါတယ်။

လောက်သေရွက်ခြောက်၊ ဖလံတောင်ဝေးရွက်ခြောက်တို့ကို ဆတူအမှုန့်ပြုလုပ်၍ အုန်းဆီနဲ့ ဖျော်ပြီး နေပူပူတွင် လှန်းကာ အပေါ်ဆီအကြည်ကို နားအတွင်းသို့ အစက်ချခြင်း၊ ကြက်တောင်နှင့် ကြပ်ပေးခြင်းပြုလုပ်ပါက နားပြည်ယို၊ နားကိုက်ရောဂါများ ပျောက်ကင်း၍ နားအတွင်းရှိ ပိုးများကို သေစေပါတယ်။ လိမ်းဆေးအဖြစ်သုံးပါက ဝဲနာ၊ အနာစက်နာ၊ အနာမီးလျှံ၊ အိုင်းနာ၊ ဒဏ်နာများကို ပျောက်ကင်းစေပါတယ်။

လောက်သေရွက်၊ စံကားပွင့်ခြောက်တို့ကို နှမ်းဆီစစ်စစ်နဲ့ စိမ်ပြီး ခေါင်းလိမ်းဆီအဖြစ်သုံးပါက ခေါင်းကိုက်၊ ခေါင်းပူ၊ ဇောက်ထခြင်း၊ ယားယံခြင်း၊ သန်းပေါက်ခြင်းများပျောက်ကင်းပြီး ဦးနှောက်ကို ကြည်လင်လန်းဆန်းစေပါတယ်။

လောက်သေရွက်နဲ့ ဆောက်ပြာရွက် နှစ်မျိုးကို ရေနွေးနွေးဖြင့် မီးဖွားပြီးသော မိခင်ကိုလည်းကောင်း၊ ကလေးကိုလည်းကောင်း ချိုးပေးပါက ကျဗဟုံးရောဂါ၊ မွေးကတည်းက ပါလာတတ်သော သူငယ်နာမျိုးစုံ၊ အကြောတက်၊ အကြောကပ်ရောဂါနဲ့ မိဘကိုယ်မှ ကူးစက်တတ်သောရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။

လောက်သေရွက်ကို ကိုယ်ပူချွဲထ၊ အညှော်ဝင်၊ ချောင်းဆိုး၊ နှာစေး၊ နှာပိတ်ရောဂါများအတွက်လည်း ဆေးဖော်စပ်အသုံးပြုကြပါတယ်။

လောက်သေရွက်၊ ရေခရာရွက်၊ နနွင်း(ရိုးရိုး) အရွက်တို့ကို ဆတူကျွမ်းအောင်လှော်၍ နှမ်းဆီနဲ့ ဖျော်လိမ်းပါက ကလေးများ ချက်ကြီး၊ ချက်တိုင်ကိုက်ခြင်းပျောက်ကင်း၍ ချက်ကြိုးကြွေလွယ်စေပါတယ်။ နို့ချောင်းပိတ်၊ နို့နာ၊ နို့ပျဉ်းထသော မိခင်များကို လိမ်းပေးပါက လျင်မြန်စွာ ပျောက်ကင်းစေပါတယ်။

ကလေးများ အနာစက်၊ ဝဲစို၊ အိုင်းနာကို လောက်သေရွက် ကျွမ်းအောင်လှော်ပြီး ရေနံချေးစစ်စစ်နဲ့ လူးပေးလျှင် ပျောက်ကင်းစေပါတယ်။

ကျွဲ၊ နွားများ အနာပေါက်၍ လောက်များကျခြင်း၊ ငါးပိအိုးတွင် လောက်ကောင်များကျခြင်းတို့ဖြစ်လျှင် လောက်သေရွက်ကို ထောင်း၍ အမှုန့်ဖြူးပေးပါက လောက်များသေပြီး အနာများလည်း အသားနုတက်၍ အကျက်မြန်စေပါတယ်။

စအိုမွှေးဝင်သောရောဂါအတွက် လောက်သေရွက်၊ ကြွက်နားပေါင်းရွက်၊ ကြက်မွေးတို့ကို ဆတူရောပြုတ်ပြီး အငွေ့ကို ချွေးအောင်းသကဲ့သို့ အိုးပေါ်တွင်ထိုင်ပြီး အခိုးအငွေ့များ အခြားသို့မထွက်နိုင်အောင် ခါးအောက်ပိုင်းနဲ့ အိုးကိုပါ အဝတ်ထူထူရစ်ပတ်၍ အငွေ့မှိုင်းခံပါက မွှေးများ အကောင်လိုက်သော်လည်းကောင်း၊ ကြွေပြုတ်၍သော်လည်းကောင်း ကျလာစေပါတယ်။

လောက်သေရွက်၊ ကြွက်နားပေါင်းရွက်တို့ကို ဆတူပြုတ်ပြီး လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံး ခပ်ပူပူလေး သောက်ပေးပါ။



## လေးညှင်းပွင့်

လေးညှင်းပွင့်ဟာ ထက်မြက်တဲ့ဂုဏ်ရှိ၏၊ ပွင့်စေတဲ့ သတ္တိရှိ၏၊ ဝမ်းမီးတောက်၊ အစာကြေ၊ အူလမ်းကြောင်းပွင့်စေတဲ့ သတ္တိရှိ၏၊ ကင်ဆာကို ကာကွယ်နိုင်တဲ့ သတ္တိရှိ၏လို့ ဆေးကျမ်းများက ဆိုပါတယ်။

နံနက်အိပ်ရာထ မျက်နှာသစ် သွားတိုက်ပြီးတာနဲ့ ရေအေးတစ်ခွက်သောက်ပြီး လေညှင်းပွင့်တစ်ပွင့်ကို ခံတွင်းမှာ ငုံထားလိုက်ပါ။ သို့မဟုတ် ပါးစောင်မှာ ငုံထားလိုက်ပါ။ ထိုသို့ပြုလုပ်လျှင် ခါတိုင်း မနက်ခင်းတွင် ဝမ်းမသွား၊ ဝမ်းချုပ်နေပေမယ့် မကြာခင် ဝမ်းသွားချင်လာပါလိမ့်မယ်။

လေးညှင်းပွင့်ငုံထားပါက ခံတွင်းပျက်ပြီး စားချင်သောက်ချင်စိတ်မရှိသူဖြစ်နေရင်တောင် စားချင်သောက်ချင်စိတ်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

ခံတွင်းနံ့ဆိုးနေရင် လေးညှင်းပွင့်ကို ငုံထားပေးပါ။ သွားမှာအခေါင်းရှိသူတွေ၊ သွားခြေမှာရောင်ရမ်းနေသူတွေ၊ သွားကိုက်သူတွေအတွက် လေးညှင်းပွင့်ကို ငုံပေးပါ။

လေးညှင်းပွင့်ကို ငုံထားပေးခြင်းဖြင့် ခေါင်းကိုက်ခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။ ဆီးချိုရောဂါရှိသူများ ထမင်းစားပြီးတိုင်း လေးညှင်းပွင့်တစ်ပွင့်ကို ငုံထား၍ ဖြည်းဖြည်းချင်းဝါးပြီး အရည်ကို မျိုချပေးပါ။ သွေးတိုးရောဂါရှိသူများအနေဖြင့် နံနက်အိပ်ရာထ မျက်နှာသစ် သွားတိုက်ပြီးပါက လေးညှင်းပွင့် နှစ်ပွင့်ကို ငုံထားပေးပါက သွေးတိုးခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

ညအိပ်မပျော်သူများအနေဖြင့် မအိပ်မီ တစ်နာရီခန့်ကြိုတင်ပြီး လေးညှင်းပွင့်ကို ငုံထားပေးခြင်းဖြင့် သက်သောင့်သက်သာ အိပ်ပျော်စေနိုင်ပါတယ်။



## ချဉ်ပေါင်ရွက်

ချဉ်ပေါင်ရွက်ဟာ အူသိမ်၊ အူမတို့ကို ကောင်းကျိုးပြုပါတယ်။ ချဉ်ပေါင်ရွက်ထဲမှာ Hydroxy နဲ့ Amino အက်စစ်များ ကြွယ်ဝစွာပါဝင်တာ ကြောင့် ဆီးအား ကောင်းစေပြီး ဆီးရွှင်၍ ဝမ်းကို လည်း သက်စေပါတယ်။

ဗီတာမင်စီနဲ့ သတ္တုဓာတ်များ အမြောက်အမြားပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားကောင်းမွန်ခြင်း၊ ဆဲလ်များသေဆုံးခြင်းမှ ကာကွယ်ပေးခြင်း၊ သွားဖုံးနဲ့ သွားတို့ကို ကျန်းမာစေခြင်း၊ Free Radicals အန္တရာယ်မှ ကာကွယ်ပေးခြင်း၊ အရွယ်ကို နုပျိုစေခြင်း၊ ကင်ဆာရောဂါများ ဖြစ်နိုင်ခြေကို နည်းပါးစေခြင်း၊ အဆုတ်ကို ကျန်းမာစေခြင်း၊ အအေးပတ်ခြင်း၊ ရာသီပေါ် နှာစေး၊ ချောင်းဆိုး၊ ကူးစက်ရောဂါများနဲ့ နှာရည်ယို နှာပိတ်ခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

ကယ်လ်ဆီယမ်ဓာတ် ကြွယ်ဝစွာပါဝင်တာကြောင့် အရိုးကို သန်မာစေခြင်း၊ အာရုံကြောအဖွဲ့အစည်းများနဲ့ ကြွက်သားများ ဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးကျဲခြင်းမှ ကာကွယ်ပေခြင်း၊ ခြေလက်များ တဆစ်ဆစ်နာကျင်ခြင်းနဲ့ ထုံထိုင်းလေးလံခြင်းတို့ကို သက်သာပျောက်ကင်းစေခြင်း၊ ကလေးငယ်များ ဖွံ့ဖြိုးမှုနှေးကွေးခြင်းမှ ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

ပြတ်ရှနာများနဲ့ ပြည်တည်နာများအတွက် ချဉ်ပေါင်ရွက်ကို မီးမြှိုက်ပြီး အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။

ချဉ်ပေါင်ဖူးဖျော်ရည်ကို သောက်သုံးပေးပါက ချောင်းဆိုးရောဂါကို သက်သာပျောက်ကင်းစေပြီး လူကို လန်းဆန်းစေပါတယ်။

ချဉ်ပေါင်အစေ့ပြုတ်ရည်ကို သောက်ပေးပါက အစာနင်ခြင်းနှင့် အစာမကြေခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

ချဉ်ပေါင်ရွက်ကို လက်ဖက်ရည်ကြမ်းအနေဖြင့် သောက်ပေးပါက ကိုလက်စထရောကို ကျစေပြီး ကိုယ်အလေးချိန်ကျစေကာ သွေးလည်ပတ်မှုနှုန်းကိုလည်း ကောင်းမွန်စေပါတယ်။ ကင်ဆာရောဂါ အမျိုးမျိုးကိုလည်း ဟန့်တားကာကွယ်ပေးနိုင်ပါတယ်။

ဒူးရင်းသီးစားပြီးပါက ချဉ်ပေါင်သီးဖျော်ရည်ကိုသောက်ပေးခြင်းဖြင့် အပူကန်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

နှာတာရှည် အဆစ်အမြစ်ကိုက်ခဲနေသူများ ချဉ်ပေါင်ရွက်ကို ထောင်းပြီး ဆားအနည်းငယ်ထည့်ကာ ဖြစ်သည့်နေရာအား အုံပြီး နာရီဝက်ခန့် ပတ်တီးစည်းထားပေးပါက ပျောက်ကင်းစေပါတယ်။ *(တစ်လကြာလုပ်ရပါမည်။)*

**သတိပြုရန်**

သွေးတိုးရောဂါရှိသူများအနေဖြင့် ချဉ်ပေါင်ရွက်ကို အလွန်အကျွံ မစားသုံးသင့်ပါ။ သွေးပေါင်ချိန်တက်သောကြောင့် ဖြစ်သည်။ ချောင်းဆိုး၊ ရင်ကြပ်ဝေဒနာသည်များနဲ့လည်း မသင့်တော်ပါ။ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး ဈေးနှုန်းလည်းမကြီးသော ၁၂လရာသီပတ်လုံး အလွယ်တကူရနိုင်သော ချဉ်ပေါင်ရွက်ကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးပေးသင့်ပါတယ်။



## မန်ကျည်းရွက်

မန်ကျည်းရွက်ဟာ အသည်းရဲ့ဝန်ကို လျှော့ချပေးနိုင်ပါတယ်။ ဒါ့အပြင် သည်းခြေကို လှုံ့ဆော်ပေးပြီး အစာချေဖျက်မှုကို ပိုမိုကောင်းမွန်စေပါတယ်။ မောပန်းလွယ်တာနဲ့ အားအင်ကုန်ခန်းလွယ်တာကို သက်သာစေပြီး အသည်းကိုလည်း ပြန်လည်ကောင်းမွန်လာအောင် ကူညီပေးနိုင်ပြီး ခန္ဓာကိုယ်ထဲက မလိုအပ်တဲ့ အဆီတွေကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။ ဗိုက်ပြည့်တင်းခြင်း၊ ကိုယ်ခန္ဓာဝါခြင်းနဲ့ အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။

မန်ကျည်းရွက်နု လက်တစ်ဆုပ်စာကို ရေတစ်လီတာနဲ့ ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ပြုတ်ပါ။ နံနက်စာစားပြီး (သို့မဟုတ်) ညအိပ်ရာမဝင်မီ ရေနွေးနွေးကို တစ်နေ့တစ်ဖန်ခွက်သောက်ပါ။ ပျားရည်နှင့် ရောသောက်ရင်လည်း ရပါတယ်။

မန်ကျည်းရွက်ကို ချဉ်ရည်ဟင်းချက်ခြင်း၊ သုပ်စားခြင်းတို့ဖြင့်လည်း အထက်ပါရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။



## လသာပင်(ခေါ်)တောင်ကန်စွန်းပင်

လသာပင်ကို ဟင်းချိုချက်သောက်ပါက ကျောက်ကပ်နဲ့ ဆီးအတွက် ကောင်းသည်ဟု ဆိုပါတယ်။ အရွက်နုကို အရည်ညှစ်သောက်ခြင်း၊ အသုပ်သုပ်စားခြင်း၊ ငါးနဲ့ရော၍ချက်စားခြင်း၊ အတို့အမြှုပ်လုပ်ကာ မိမိရောဂါအပေါ်မူတည်ပြီး စားသုံးပါက ငှက်ဖျားကြောင့် အသားရောင်အသားဝါဖြစ်ခြင်း၊ ကျောက်ကပ်ရောင်ခြင်းကြောင့် ကိုယ်ဖောခြင်း၊ အသည်းနဲ့ သရက်ရွက်ရောင်ခြင်းကြောင့် မျက်လုံးဝါခြင်း၊ ဝမ်းအတွင်းရှိ အညစ်အကြေးများ ဆင်းစေခြင်း၊ ဖောရောင်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tik Tok**

# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ဆည်းဆာဖြူ |
| စာရေးသူ | - ဇော်ဇော်အောင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၃၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၈ ခုနှစ်၊ မတ်လ (ဒုတိယအကြိမ်) |
| မျက်နှာဖုံးပန်းချီ | - ရာစုသစ် |
| စာမျက်နှာ | - ၁၂၇ မျက်နှာ |

စာရေးသူ ဆရာဇော်ဇော်အောင်၏ အမှာစာနှင့်အတူ ၂၀၀၆ ခုနှစ်တွင် ထွက်ရှိခဲ့သော ပထမအကြိမ်ထုတ်မှုအတိုင်း ပြန်လည်ထုတ်ဝေထားသော "ပို့စ်မော်ဒန်မှတ်စုဆောင်းပါးများ" စာအုပ်ဖြစ်သည်။

စာအုပ်မှာ အိတ်ဆောင်စာအုပ်ဆိုဒ်ဖြစ်ပြီး "ဆည်းဆာဖြူ"ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ဖတ်စရာဂျာနယ်ထဲမှ ဆောင်းပါး ၂၆ ပုဒ်ကို စုစည်းထားခြင်း ဖြစ်သည်။



"မော်ဒန်ဝါဒရဲ့အလွန်အရေးကြီးတဲ့အချက်ကို ပြောရရင် အနုပညာပစ္စည်းအမျိုးအစားတွေ ရောနှောခြင်းပါပဲ။ ဆိုပါတော့ စကားပြေတွေဟာ ကဗျာဆန်လာတယ်။ (ဝါ)ကဗျာလိုလို ဖြစ်လာတယ်။ (Woolf တို့၊ Joyce တို့) ကဗျာတွေဟာလည်း သတင်းဆောင်းပါးလိုလို ဖြစ်လာတယ်"

(စာမျက်နှာ-၇၆ မှ)

မော်ဒန်မှ ပို့စ်မော်ဒန်သို့ ပြောင်းလဲလာသည့် ကမ္ဘာ့စာပေ အနုပညာအကြောင်းကို မိတ်ဆက်ပေးသည့်ဆောင်းပါးများ ဖြစ်ရာ ခေတ်ပေါ်မော်ဒန်လေ့လာသူများ လက်စွဲဖတ်သင့်သည်။ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - ပန်းချီဝါကျများ |
| စာရေးသူ | - ဇော်ဇော်အောင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၂၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (ဒုတိယအကြိမ်) |
| မျက်နှာဖုံးဒီဇိုင်း | - အောင်မြတ်ငွေး |
| စာမျက်နှာ | - ၁၅၈ မျက်နှာ |




စာရေးသူ ဆရာဇော်ဇော်အောင်၏ အမှာစာနှင့်အတူ "ပန်းချီဝါဟာရ"များကို အဓိပ္ပာယ် ရှင်းလင်းထားသည့် ပညာရပ်ဆိုင်ရာ စာတမ်း စာအုပ်ဖြစ်သည်။ ကမ္ဘာကျော် ပန်းချီဆရာများ၏ ရောင်စုံ ပန်းချီကားများကိုလည်း ပုံနှိပ်ဖော်ပြထားသဖြင့် မော်ဒန်ပန်းချီဝါသနာပါသူများ လက်စွဲဖတ်ရှုသင့်သည်။

"ဒီစာတမ်းစုများ…ဝေါဟာရတွေ၊ စိတ်ကူးတွေ၊ ပန်းချီဂိုဏ်းတွေ၊ လှုပ်ရှားမှုတွေကို ခေါင်းစဉ်တပ်ပြီး တစ်ခုချင်း ဖော်ပြသွားပါမယ်။ ဖြစ်ပေါ်တဲ့ ရာစုနှစ်အလိုက် စီစဉ်သွားတာမျိုးတော့ မဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာဝေါဟာရတွေကို အက္ခရာစဉ်ပြီး ဖော်ပြသွားပါမယ်။ သူတို့ဖြစ်ပွားပေါ်ပေါက်ရာ ခုနှစ်နဲ့ နိုင်ငံတွေကိုတော့ ထည့်သွင်းထားပါတယ်။"

(အမှာစာမှ-)

ပန်းချီရေးဆွဲရန် ဝါသနာပါသော လူငယ်များအတွက် ရည်ညွှန်းထုတ်ဝေထားသော စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို (မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

၀-၀-၀-၀-၀-၀

## Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်း ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းမွန်မွန်က စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် စာဖတ်ပရိသတ်များ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာဖတ်ပရိသတ်များ တိုးပွားလာစေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

Mobile Library စနစ်ဖြင့် သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြ၊ ကာတွန်းများ ပါဝင်သည့် စာအုပ်၊ စာစောင်မျိုးစုံကို မြို့နယ်အတွင်းရှိ ရုံးများ၊ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ အခမဲ့ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးကျရောက်လာပါက ပြည်သူများ အလျင်အမြန်တုံ့ပြန်နိုင်စေရန် စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီက သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်၏ ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအား လိုက်လံဆော်ဩသတိပေးခြင်းများ ဆောင်ရွက်ခဲ့ကြစဉ်။ (ကဆ)



## တစ်ခါတုန်းက တက္ကသိုလ်

* ကြင်နာစုံတွဲ တူယှဉ်နွဲ့ကာ
ပညာလည်းစုံ ကြင်ရာစုံကြ
ဖူးစာလမ်းပြ မန်းတက္ကသိုလ် ။

* ချစ်သူပစ်သွား ခံစားရင်ထဲ
ဟက်တက်ကွဲ၍ အသည်းမှာနာ
ဝေဒနာနှင့် မန်းတက္ကသိုလ် ။

* ပိတောက်ပွင့်လန်း
နီစိန်ပန်းနှင့် ပွင့်လန်းငုဝါ
စိန်ပန်းပြာဆန်း
တမာတန်းနှင့် မန်းတက္ကသိုလ် ။

* ရွှန်းရွှန်းမြမြ သာသည့်လသို့
အေးမြလွမ်းခြုံ ကြည်နူးကုန်သည်
ရင်ခုန်ရွှန်းမြ မန်းတက္ကသိုလ် ။

* ဒေါင်းဖလ်ဝါဆင်း တောက်ပခြင်းနှင့်
ပြင်းပြင်းပြပြ လင်းလင်းလှလှ
ပြည့်စုံကျန ပေးဝေသည်
ပညာ့အလင်း အမှောင်ခွင်းဘိ
ဉာဏ်ရောင်လင်းသည့် မန်းတက္ကသိုလ် ။

* လရောင် နေရောင် ပန်းတစ်ထောင်ပွင့်
လှဂုဏ်တင့်ဆန်း ရင်နင့်လွမ်းနှင့်
ဖူးစာလမ်းဆုံ ရင်၌ကြုံသည်
လွမ်းမကုန်သည့် မန်းတက္ကသိုလ် ။

* ဩော်…
ပြက္ခဒိန်သစ် တစ်ရက် တစ်နှစ်
ဆက်၍ခြစ်ရင်း …
အနှစ်တစ်ရာ ပြည့်ခဲ့ပါပြီ
တစ်ခါတုန်းက တက္ကသိုလ်ဆီ…။ ။

(မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အမှတ်တရ)

**နိုင်ဗလ**

## လျှော်ဘေးသင့် သီလရှင်နှင့် ဘ.ကကျောင်းများသို့ ဆန်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တတိက္ခအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)သို့ ဗီယက်နမ်နိုင်ငံမှ (Helen Group)အဖွဲ့က ဦးဆောင်၍ ဆန်(၂၄)ပြည် အိတ် ၁၁ အိတ် ကာလတန်ဖိုး ဆယ်သိန်းလေးသောင်းနှစ်ထောင်ကျပ်ကို ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)နှင့် ၄င်းအဖွဲ့တို့ ပူးပေါင်းလျက် အောက်ဖော်ပြပါ သီလရှင်နှင့် ဘ.က ကျောင်းများသို့ စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက သွားရောက်လှူဒါန်းခဲ့သည်။



အဆိုပါကျောင်းများမှာ မန္တလေးနှင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဘ.ကကျောင်း စုစုပေါင်း ၁၅ ကျောင်းမှ ပထမငါးကျောင်းအား တစ်အိတ်နှုန်းဖြင့်လည်းကောင်း၊ ကျန် ၁၀ ကျောင်းတို့အား ၁၂ ပြည်အိတ် ၁၀ အိတ်ကိုလည်းကောင်း၊ (မန္တလေး)ဖားအောက်တောရကျောင်းသို့ တစ်အိတ်၊ ကျောက်ဆည်မြို့ရှိ ဘ.က ကျောင်းများသို့ သုံးအိတ်ကိုလည်းကောင်း အသီးသီးလှူဒါန်းကုသိုလ်ပြုကြသည်။

ထို့အပြင် စစ်ကိုင်းမြို့ လျှော်ဘေးသင့်သီလရှင်များကျောင်းနှစ်ကျောင်းစာအတွက် ၂၄ ပြည်အိတ် နှစ်အိတ်၊ ကာလတန်ဖိုးနှစ်သိန်းကျပ်ကို လှူဒါန်းနိုင်ရန် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၉၇၅၇၆၄၃၂၃ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၉)**

## ကျောင်းတွင်းအာဟာရ ကျွေးမွေး

**အောင်လံ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက KG ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ကျွေးမွေးရာတွင် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြည့်ရှုအားပေးပြီး ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုတည်ဆောက်သည့်အရွယ်အတွက် လိုအပ်သော အာဟာရဓာတ်ရရှိရေးနှင့် ကလေးငယ်များအား အစာမစားမီ လက်ကို ဆပ်ပြာဖြင့် ဆေးခြင်း၊ အစာစနစ်တကျ စားတတ်စေရေး၊ အစားအစာ စားပြီးချိန်တွင် သွားနှင့် ခံတွင်းသန့်ရှင်းရေးအတွက် သွားတိုက်စေခြင်း စသည့်စနစ်ကောင်းများနှင့် အစားအစာတွင် အာဟာရဓာတ်များ မျှတစွာပါဝင်အောင် ချက်ပြုတ်ကျွေးမွေးခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်း ပင်စင်စားအငြိမ်းစားမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စားသောက်ကုန်များ ထောက်ပံ့

**လဲချား စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်ရှိ ပင်စင်စားနိုင်ငံ့ဝန်ထမ်း အငြိမ်းစားမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီမှစတင်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးနန်းတင့်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားမိဘပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုတိုင်းတာစစ်ဆေးပေးခြင်းနှင့်အတူ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် စားသောက်ကုန်ဖြစ်သည့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့သည်။

(အငြိမ်းစား)ပင်စင်စား မိဘများအနေဖြင့် မိမိတို့အဆင်ပြေသည့်ရက်တွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ လစဉ် ၂၁ ရက်မှ နောက်လ ၂၀ ရက်အထိ လာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## KBZ Center Mandalay တွင် အထွေထွေရောဂါများနှင့် အရိုး၊ အကြော၊ အဆစ်ရောဂါများ အခမဲ့ကုသပေး

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့် ၁၁၀(မနော်ဟရီ)လမ်းထောင့်ရှိ KBZ Center Mandalay တွင် အထွေထွေရောဂါများ၊ အရိုး၊ အကြော၊ အဆစ်ရောဂါများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound အခမဲ့ရိုက်ပေးခြင်း၊ X Rayအခမဲ့ရိုက်ပေးခြင်းများကို စက်တင်ဘာ ၁၉ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အရိုး၊ အကြော၊ အဆစ်ရောဂါဝေဒနာစမ်းသပ်စစ်ဆေးကုသပေးခြင်းကို အရိုးအကြောအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာဦးဝင်းကိုက စမ်းသပ်စစ်ဆေး ကုသပေးခြင်းအပြင် အထွေထွေရောဂါကုသပေးခြင်းများကိုလည်း စင်တာရှိ ဆရာဝန်များမှ စမ်းသပ်စစ်ဆေးကုသပေးသည်။

ကျန်းမာရေးစစ်ဆေးကုသလိုပါကKBZ Center Mandalay ၏ Call Center ဖုန်း- ၀၉-၉၄၁၆၀၀၉၉၉ သို့ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာလ ၂၃ ရက် နံနက် ၁၀ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပခဲ့သည်။

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး မြင့်ထွန်း၊ ဒုတိယရဲမှူး မျိုးအောင်၊ တပ်ဖွဲ့ခွဲမှူး၏ ဇနီး ဒေါ်ဝင်းစုစုစံတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိက ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များအား ခေါက်ဆွဲကြော်၊ အားဖြည့်အချိုရည်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ဝဲပုံ)**

ယင်းအပြင် ဒုတိယရဲမှူး မြင့်ထွန်း၊ တပ်ဖွဲ့ခွဲမှူး၏ဇနီး ဒေါ်ဝင်းစုစုစံတို့က တစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ Royal-D တစ်ဘူးစီနှင့် ကိတ်မုန့်တစ်ထုပ်တို့အား ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၆ ဦးနှင့် ၎င်းတို့၏ မိသားစုဝင် ၁၂ ဦးတို့က ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၆၉)**



## ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်း

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေဂါလန် ၁၆၀၀ကို လယ်ကျိုးကျေးရွာရှိ ပြည်သူများအား ယမန်နေ့ ညနေ ၄ နာရီခွဲက လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းဝင်း လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက လယ်ကျိုးကျေးရွာရှိ ပြည်သူများအား သောက်သုံးရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သောက်သုံးရေ အခက်အခဲရှိသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများကို သောက်သုံးရေများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မေ့မရရှင်ထဲ သီတင်းကျွတ်ဘုရားပွဲ



မြန်မာနိုင်ငံ၌ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ "အဘိဓမ္မာ အခါတော်နေ့ "ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ထိုသီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်ပွဲတော်ကို စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထိုနေ့တွင် ဥပုသ်သီတင်းသီလများ စောင့်ထိန်းခြင်း၊ ဒါန ၊ သီလ ၊ ဘာဝနာဆိုသော ကောင်းမှုကုသိုလ်များကို အထူးပြုလုပ်ကြသည်။ ထို့ပြင် သီတင်းကျွတ်လကို လကောင်းလမြတ်အဖြစ် သတ်မှတ်ကာ အချို့သော ရပ်ကွက်၊ ကျေးရွာများသည် မိမိတို့ရပ်ကွက်၊ ကျေးရွာတွင်ရှိ ပုထိုး၊ ဘုရား၊ စေတီများအား ပူဇော်သော ဗုဒ္ဓပူဇနီယပွဲတော်များကိုလည်း ကျင်းပကြပါသေးသည်။

မန္တလေးမြို့သည် သီတင်းဝါလကျွတ်သည်နှင့်တစ်ပြိုင်နက် ဘုရားပွဲတော်များကျင်းပခြင်းဖြင့် အစဉ်အလာကောင်းခဲ့သော မြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့်လည်း မိုးအကုန်ဆောင်းအကူး သာယာသောရာသီဥတုတွင် ဘုရားပွဲတော်များကျင်းပခြင်းဖြင့် အိပ်ရာမှနိုးထလေ့ရှိသောမြို့ဟု ဆိုရပေမည်။ မန္တလေးမြို့တွင်ရှိ ကျေးရွာ၊ ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာတို့တွင် ကိန်းဝပ်စံပယ်နေသော စေတီ၊ ဘုရား၊ ရုပ်ပွားဆင်းတုတော်များကို နှစ်စဉ်ထာဝရ ဘုရားပွဲတော်များကျင်းပ၍ ပူဇော်ကြသည်။ နီးစပ်ရာ ကျောင်းတိုက်တော်အသီးသီးမှ သံဃာတော်များပင့်၍ သံဃာ့ဒါနဆွမ်းလောင်းလှူကြသည်။ စာရေးတံမဲများဖောက်ကာ ပစ္စည်းလေးပါးလှူဒါန်းကာ မြတ်ဗုဒ္ဓသာသနာကိုလည်း ချီးမြှောက်ပူဇော်ကြသည်။ မန္တလေးမြို့တွင် ရှေးယခင်က ဘုရားပွဲ တော်များကို သီတင်းကျွတ်လဆန်းပိုင်း ဘုရားသုံးဆူဘုရားပွဲမှ စတင်၍ ကျင်းပကြကြောင်း၊ ဘုရားပွဲရာသီ နောက်ဆုံးပွဲမှာ ရွှေစာရံဘုရားပွဲ(တပေါင်းလပြည့်နေ့)ဖြစ်ကြောင်း ဆိုကြသည်။ မန္တလေးမြို့သည် အပူပိုင်းဒေသဖြစ်သဖြင့် ဘုရားပွဲတော်များကို အေးမြသောရာသီ ဟေမန္တဥတု ဆောင်းတွင်းပိုင်းတွင် ကျင်းပလေ့ရှိကြသည်။

မန္တလေးမြို့တွင် အစည်ကားဆုံးဘုရားပွဲတော်မှာ မဟာမုနိဘုရားကြီးနှင့် မန္တလေးတောင်ခြေတွင်ရှိသော ကျောက်တော်ကြီးတို့ဖြစ်ကြသည်။ မြန်မာမင်းများတည်ထားကိုးကွယ်ခဲ့သော အခြားသမိုင်းဝင် ဘုရားများသည်လည်း ဘုရားပွဲတော်များကျင်းပကြပါသည်။ ဘုရားပွဲတော်များသည် သူ့ရက်နှင့်သူ၊ သူ ၊ နေရာနှင့်သူကြီးကျယ်ခမ်းနားစွာ ကျင်းပကြပါသည်။ စည်ကားကြပါသည်။

ထိုသည်အထဲ ကျောက်တော်ကြီးဘုရားပွဲတော်သည် ဘုရားတစ်ဆူတည်းသာ ကျင်းပသည့်ပွဲတော်မဟုတ် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဆိုသော မြတ်ဘုရားသုံးဆူတို့ ပူးပေါင်း၍အတူ ကျင်းပသော ဘုရားပွဲတော်ဖြစ်သည်။ ထို့ကြောင့်လည်း ပွဲတော်ရက်ရှည်လျားသည်။

ထိုကျောက်တော်ကြီးဘုရားပွဲတော်သည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ၈ရက်တိုင်တိုင် ကျင်းပသည်။ သီတင်းကျွတ်လပြည့်ကျော် ၃ရက်တွင် သံဃာတော်အပါး ၁၀၀မှ၊ အပါး ၄၀၀အထိ သံဃာ့ဒါနဆွမ်းသပိတ်နှင့်အခြားသော လှူဖွယ်ပစ္စည်းများကိုလည်း လောင်းလှူပါသည်။ ထို့အတူပင် ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားသည်လည်း၊ မင်းနှင့်မိဖုရား၊ မှူးမတ်တော်များ၏ ဆောက်လုပ်လှူဒါန်းထားသော ကုသိုလ်တော်ဖြစ်သည့် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့တစ်ခွင်ရှိ ကျောင်းတိုက်တော်အသီးသီးမှ သံဃာတော်များအပြင်၊ မန္တလေးမြို့၏ လေးပြင်လေးရပ်တွင်ရှိ သံဃာတော်များပါမကျန် ဆွမ်းသပိတ်နှင့် လှူဖွယ်ပစ္စည်းများကို သူနေ့ရက်နှင့်သူ၊ နေ့ရက်များအလိုက် လောင်းလှူကြပါသည်။

ကျောက်တော်ကြီးဘုရားသည် မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့်ဘုရား မှန်သော်လည်း ၁၂၂၁ ခုနှစ် ရတနာပုံမန္တလေးနန်းမြို့တော်တည်စဉ်က ပန္နက်တော်သတ္တဌာန စာရင်းတွင်မပါဝင်ခဲ့ပေ။ ၁၂၂၇ ခုနှစ်ရောက်မှ တည်ထားကိုးကွယ်တော်မူသဖြင့် မန္တလေးမြို့တော်ထက် ၆နှစ်ငယ်သည်။ ထို့အတူ စန္ဒာမုနိဘုရားစေတီတော်သည်လည်း ကျောက်တော်ကြီးဘုရားတည်တော်မူစဉ် ခေတ္တခဏစံမြန်းတော်မူခဲ့သည့် နေရာကို ကျောက်တော်ကြီးတည်တော်မူပြီးနောက် ၁၂၂၉ ခုနှစ်မှ တည်တော်မူခဲ့သည်။ ဉာဏ်တော်အမြင့် ၁၀၀ပေရှိသည်။ သတ္တဌာနစာရင်း မဝင်ခဲ့ပေ။ မန္တလေးမြို့ထက် ၈ နှစ်ငယ်သည်။ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသည်သာလျှင် မန္တလေးနန်းမြို့တည်စဉ်က သတ္တဌာနစာရင်းဝင် ဘုရားဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် ဘုရားပွဲတော်များဖြစ်သဖြင့် လွန်စွာမှစည်ကားလှသည်။ ဘုရားပွဲတော်ကို ဘုရားစေတီနှင့်နီးစပ်ရာ နန်းရှေ့ရပ်ကွက်များနှင့် ကျေးရွာများအပြင်၊ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၊ အခြားမြို့ရွာများဖြစ်သည့် မတ္တရာ၊ ပလိပ်၊ စဥ့်ကိုင်၊ ကျောက်ဆည်စသည့်မြို့များ၊ ရှမ်းပြည်မှပဋ္ဌာန်းဆက်ရှိသူများ လာရောက်ပူဇော်ကြသည်။ ထို့သို့ ဘုရားပွဲတော်ကိုလာရောက်ကြသူများသည် အထူးအားဖြင့် အသက်ရှည်စေလိုကြသဖြင့် မန်းတောင်ရိပ်သို့လာရောက်ခိုလှုံကြသူသာ များပါသည်။ ဘုရားပွဲတော်အနီးတွင်ရှိ မန္တလေးတောင်ပေါ်သို့ မြွေကြီးနှစ်ကောင်အထိ တက်၍ တွေ့သမျှဘုရားစုံ ဖူးကြရခြင်းကိုလည်း လွန်စွာမှ နှစ်သက်ကြသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများသည် ယခင်ကဆိုလျှင် နွားလှည်းများကို ပေါင်းမိုးခေါ် အအုပ်အကာများပြုလုပ်၍ ထမင်းတောင်းများတင်ဆောင်ကာ မိသားစုလိုက် တပျော်တပါး လာကြသည်။ မြို့ပေါ်နေသူများသည်လည်း မြင်းလှည်းများကို ချူလုံးများဆွဲကာ ချူလုံးသံတချွင်ချွင်ဖြင့် လာကြသည်ကို တွေ့မြင်ရသူစိတ်ထဲ မြန်မာတို့၏ယဉ်ကျေးမှုရိုးရာအလှ ရှုမဝအောင် ဖြစ်ကြရသည်။

ထို့ပြင် ဘုရားပွဲတော်လာသူများသည် ရှေးမြန်မာမင်းတို့၏ မှတ်တမ်းမှတ်ရာများကိုလည်း လေ့လာနိုင်ကြသည်။ မှတ်သားစရာများကလည်း ပေါများလှသည်။ မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးကို ချီးမြှင့်ထောက်ပံ့လိုသဖြင့် မင်းတုန်းမင်းကြီးသည် မြတ်ဗုဒ္ဓ ၄၅ ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော ပိဋကတ်(၃)ပုံကို ကျောက်စာချပ်ပေါင်း(၇၂၉)ချပ် ကျောက်ထက်အက္ခရာအဖြစ်တင်ထားခဲ့သည်။ ထိုကျောက်စာချပ်များကို မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် ကျောက်စာချပ်တစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူနှုန်းဖြင့် တွေ့ရှိရပေသည်။ ထိုကုသိုလ်တော်ဘုရားဝင်းအတွင်း တောင်(၁၅၀)ဗိုလ်မိုးဗြဲစစ်ကဲ မင်းကြီးမဟာမင်းလှမင်းခေါင်သီဟသူက ၁၂၅၄ ခုနှစ်တွင် စိုက်ပျိုးထားခဲ့သော ခရေပင်များသည်လည်း ဘုရားပွဲတော်နှင့် လိုက်ဖက်ညီစွာဘုရားဖူးလာသူများကို အရိပ်ပေး၍ စိတ်ဘဝင်အေးမြစေပါသည်။ ထို့ပြင် စန္ဒာမုနိစေတီတော်အတွင်း၌လည်း ရသေ့ကြီးဦးခန္တီ စီစဉ်ထုဆစ်ပူဇော်ခဲ့သော သုတ်၊ ဝိနည်း၊အဘိဓမ္မာများ၏ အဋ္ဌကထာ၊ ဋီကာ ကျောက်စာချပ်ရေ(၁၇၇၄)ချပ်ကိုလည်း လေ့လာမှတ်သားနိုင်ကြသည်။

ကျောက်တော်ကြီးဘုရားပွဲတော်သည် ဘုရားပွဲတော်ဆိုသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတောင်ပြုံးနတ်ပွဲ၊ ရတနာ့ဂူနတ်ပွဲများကဲ့သို့ ကုန်ပစ္စည်းမျိုးစုံရောင်းဝယ်သော ပွဲဈေးတန်းကြီး အလားလိုအပ်ရာပစ္စည်း အကုန်ရနိုင်သည်။ လယ်ယာသုံးပစ္စည်းများ၊ မျိုးစေ့၊ မျိုးစပါး၊ မျိုးပဲများအပြင် အထည်အလိပ်၊ ဒန်အိုးဒန်ခွက်၊ မြေအိုးမြေခွက်၊ ကြွေအိုးကြွေခွက်၊ ပန်းကန်ခွက်ယောက်၊ အလှကုန်မျိုးစုံ၊ ဆန်ကောဆန်ကာ၊ ဝါးခမောက်၊ ဝါးတောင်း၊ ဝါးထီး၊ ဝါး လက်မှုပစ္စည်းများစသည် တို့ကိုလည်း တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်သည့် ပွဲတော်ဖြစ်သည်။

ထို့ပြင် ဘုရားပွဲတော်သို့ ညအိပ်လာရောက်သူများအတွက် အာဟာရဖြည့်တင်းနိုင်ကြစေရန် မုန့်ဟင်းခါး၊ ကြာဆံဟင်း၊ ထမင်းနှင့်ဟင်းမျိုးစုံ၊ လက်ဖက်ရည်၊ ကွမ်းယာမှစ၍ စားစရာမျိုးစုံကိုလည်း စားသောက်နိုင်ကြသည်။ အိမ်အပြန်လက်ဆောင်အဖြစ် ကောက်ညှင်းကျည်တောက်၊ စလူမုန့်၊ အညာသားကျောကုန်း၊ မုန့်ခေါင်းအုံး၊ ကရေကရာ၊ မုန့်ခေါ်ပျဉ်၊ မုန့်သိုင်းခြုံ၊ မန္တလေးထိုးမုန့်စသည့် ဝယ်စရာများလည်းစုံလင်လှသည်။ ညအိပ်လာရောက်ကြသူ ခရီးဝေးမှ ဘုရားဖူးများသည် ပါလာသည့်ထမင်း ဟင်းစားသောက်ဖွယ်ရာများကို အတူဝေမျှစားသုံးကြသည်မှာ တစ်ကိုယ်ကောင်းမဆံတဲ ကြည်ဖြူစွာ အကျိုးတူဝေမျှခံစားကြသည့် မြန်မာတို့၏ ချစ်စရာအမူအကျင့် မြတ်နိုးစရာဓလေ့ပင်ဖြစ်သည်။

ရှေးယခင်က ကျေးရွာအသီးသီးမှ ဘုရားဖူး ညအိပ်လာကြသူများအတွက် စိတ်ကြည်နူး အပန်းဖြေ ကြည့်ရှုစရာ ပျော်ပွဲရွှင်ပွဲဇာတ်သဘင်ပွဲများလည်း ပါဝင်ကပြကြသည်။ ယခုနောက်ပိုင်းကာလများတွင် ပြည်သူလူထု၏ ကျန်းမာရေးအတွက်ငဲ့ကွက်ပြီး ဇာတ်သဘင်ပွဲများ မပါရှိတော့ပေ။

ဘုရားပွဲတော်ကြီးမှ အိမ်ပြန်ကြရတော့မည့်နေ့ နံနက်ပိုင်းတွင် ပြင်ဆင်သူများကပြင်ဆင်၊ လိုအပ်သည့်ပစ္စည်း ဈေးဝယ်သူကဈေးဝယ်၊ ပွဲဈေးတန်းလျှောက်သူကလျှောက်၊ ကလေးများကလည်း တောင်ပေါ်ကို တက်လိုက်ဆင်းလိုက်နှင့် နှစ်စဉ်ထာဝရ မရိုးမအီနိုင်ကြပါ။ စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသည့် မန္တလေးမြို့၏ ဘုရားပွဲတော်ကြီးတစ်ခုပင်ဖြစ်ပေသည်။

အချုပ်ဆိုရသော် ဝါလကင်းလွတ် သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် မန္တလေးမြို့တော်ကြီးသည် သမိုင်းဝင်အထင်ကရ ဘုရားပွဲတော်များနှင့် စည်ကားနေသည့်မြို့တော်ဖြစ်သည်။ သီတင်းကျွတ်၏ အထူးအမြတ်ပွဲတော်ဖြစ်သည့် ပဝါရဏာပြုပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသေးသည်။ ထိုသို့ ဘာသာရေးပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများ၊ မိဘဆရာ၊ သက်ရွယ်ကြီးမားဘိုးဘွားများကို နှစ်စဉ်မပျက် ပူဇော်ကန်တော့ကြသည့် အစဉ်အလာများဖြင့် ကုသိုလ်ယူပူဇော်ကြသည့် သီတင်းကျွတ်လသည် ကုသိုလ်တရားထုံမွှမ်းသောလပင်ဖြစ်သည်။ ယခုအခါ အသက်အရွယ်ရလာသည်နှင့်အမျှ ဇရာအပေါ်မကျော်နိုင်လေပြီမို့ ငယ်စဉ်ကလို လွတ်လပ်စွာပျော်ရွှင်ခဲ့ရသည့်အရသာ ဝေဖြာစွာမခံစားနိုင်တော့ပေ။ လူကြီးဗိုဗို ဣန္ဒြေရရ ငယ်ရွယ်စဉ်က ပျော်ရွှင်ခဲ့ရသည့်ဘဝ စိတ်မှာတွေးဆ တမ်းတမျှော်မှန်းရင်း စိတ်အပန်းဖြေရပေတော့မည်။ ယခုနှစ် သီတင်းကျွတ် ဘုရားပွဲတော်နှင့်အတူ ငယ်ရွယ်နုပျိုစဉ် ယခင်တစ်ခေတ်ကို ဘယ်လိုပင်ဖြစ်ဖြစ် ပွဲတော်နှစ်တိုင်း သတိတရလွမ်းတနေရဦးမည့် သီတင်းကျွတ်လဘုရားပွဲတော်များပင် ဖြစ်ပေတော့သည်။

မန်းမြေမှ ပန်းသပြေ

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဗဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၇)၊ ဦးပိုင်အမှတ်(၁၀)၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ တမ္ဗဝတီထီးတန်းလမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးခင်မောင်သောင်း(၉/မရတ(နိုင်)၀၄၅၆၈၃)၊ ဒေါ်တင်ခွေး(ခ)မြင့်မြင့်သိန်း(၉/မရတ(နိုင်)၀၄၅၆၈၄)တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၈)၊ ဦးပိုင်အမှတ်(၃၄/၂)+(၄၁/၂)၊ ၁၂လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဦးစိုင်းအုန်းကျော်(၁၃/တကန(နိုင်)၀၀၀၈၇၂)က အပေးစာချုပ်တင်ပြ၍ ဘိုးဘသားရေဖုံးစာအုပ် လဲလှယ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၂)၊ အကွက်အမှတ်(မမ-၂၇)၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၃၀၂)၊ တတိယထပ်တိုက်ခန်းရှိ ဒေါ်ချိုမာသက်၏ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးအောင်ခြူးမင်းကျော်(ဘ)ဦးကျော်မိုး(၉/အမဇ(နိုင်)၀၀၀၅၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်ဝင်း(ဘ)ဦးစံဝင်း(၉/ပဥလ(နိုင်)၀၂၇၈၀၆)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ အပြေအကျေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## မိခင်အမည်မှန်

(ဘ)ဦးစောထွန်းဝင်း၏သမီး၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ.ထ.က(၁၂) Grade(12) မှ မယွန်းမြတ်နိုးဝေ၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်စန္ဒာဖြစ်ပါသည်။ **ဒေါ်စန္ဒာ(၉/ခအဇ(နိုင်)၀၁၀၂၉၃)**

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ကေသွယ်(ဘ)ဦးစန်းညို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၁၀၈၇၆၇)ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် MH 057588 သည် မန္တလေးမြို့ပေါ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ကေသွယ်(ဘ)ဦးစန်းညို ဖုန်း ၀၉-၄၀၂၆၅၄၁၅၅**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၇)၊ ဦးပိုင်အမှတ်(၁၄)၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၆၄(B)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီလွင်ပါ၄ဦးအနက် ဒေါ်ရီရီလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၂၈)၊ ဦးထွန်းလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၄၀)၊ ဒေါ်သီသီလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၁၂)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၀၅၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းလွင်(၁၂/အစန(နိုင်)၀၁၅၅၂၈)က ၄င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၂၆)၊ ဦးပိုင်အမှတ်(၁၁)၊ လမ်း၉၀၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ကိုချစ်လှိုင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၅၇၃/၂၀၂၀)ဖြင့် ဦးခင်အောင်သန်းပါ-၆ဦးက အမွေဆက်ခံခဲ့ပြီး ဦးခင်အောင်သန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၄၆၅/၂၀၂၄)ဖြင့် ပိုင်ဆိုင်ခဲ့သော ဒေါ်မြင့်မြင့်(၉/မနတ(နိုင်)၀၂၄၈၅၉)၊ ဦးနေထွန်း(၉/မနတ(နိုင်)၀၂၆၄၄၂)၊ ဒေါ်ဆွေဆွေနိုင်(၉/ခအဇ(နိုင်)၀၁၁၇၁၄)၊ ဒေါ်ခင်ဆွေဝင်း(၉/မနတ(နိုင်)၀၂၄၈၆၂)၊ ဦးရဲမြင့်(၉/မနတ(နိုင်)၀၂၄၈၆၅)၊ ဒေါ်ငွေးငွေး(၉/မနတ(နိုင်)၀၂၄၈၆၃)တို့၏ ဂရန်ပျောက်၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင်ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထွက်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ပျောက်ဆုံးသွားသော ကိုချစ်လှိုင်အမည်ပေါက် ဂရန်အမှုတွဲအမှတ်(၁၁၆၁/၁၉၆၂-၆၃)အရ ထုတ်ပေးထားသော ဂရန်စာချုပ်အမှတ်(၃၁၀/၆၂-၆၃)အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၁၀)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ တသအောင်ဇင်အမည်ပေါက် တောဂရန်မြေကွက် အား တရားလို ဒေါ်သစ်သစ်ဆွေက တရားပြိုင် တပ်သားအောင်ဇင် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သစ်သစ်ဆွေ(၉/မမန(နိုင်)၀၀၀၅၀၄)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ်(၁)၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြား၊ ၅၄လမ်းနှင့် ၅၆လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးအောင်ကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၉၉၉/၂၀၀၂)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်ဝင်း(၁/မကန(နိုင်)၀၅၇၄၂၅)(MGK-၀၆၈၈၇၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၉/၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ မစုဆိုင်(၁၃/မဆတ(နိုင်)၀၁၈၁၅၄)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၉)၊ ဦးပိုင်အမှတ်(၁၇)ခဲစင်းနောက်ခြမ်း၊ ၃၇(A)လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းရွှေ၊ ဒေါ်ဝင်းဝင်းမာတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၇၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးထွန်းမင်း(၉/မနမ(နိုင်)၀၉၈၈၉၆)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၀၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းဝင်းထက်(၅/ဟမလ(နိုင်)၀၇၅၁၄၁)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၁၄-က)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးသိန်း(၉/ပသက(နိုင်)၀၄၈၈၇၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၃၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြင်ငွေ(၉/မခန(နိုင်)၁၃၅၃၆၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၄၉)၊ ဦးပိုင်အမှတ်(၇-ဃ+၈-ဃ+၆၁-စ)အတွင်းမှ(၇-ဃ+၆၁-စ) ခဲစင်း၊ ၉၁လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၉၃၉/၂၀၁၈)ဖြင့် ဝယ်ယူခဲ့သော ဦးမင်းမင်းထူး၊ ဦးကျော်ဦးတို့(၂)ဦးအနက် ဦးကျော်ဦးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၀၅/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ဦးမင်းမင်းထူး၊ ဒေါ်ဝင်းဝင်းမာတို့(၂)ဦးအနက် ဦးမင်းမင်းထူးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၀၆၅/၂၀၂၀)ဖြင့် လက်ခံခဲ့သူ ဒေါ်ဝင်းဝင်းမာထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၀၆၈/၂၀၂၀)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးမင်းမင်းထူးက ဒေါ်ဝင်းဝင်းမာ၏(SP ရရှိသူ ဦးမင်းမင်းဦး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄၀၇/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သော ဦးမင်းမင်းထူး(၅/ဝလန(နိုင်)၀၁၄၀၁၄)၊ ဒေါ်မာမာထွန်း(၉/မနတ(နိုင်)၁၀၃၆၇၈)တို့က အမှုတွဲအမှတ်(၂၆၁၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၅၈-မ)၊ ၁၂လမ်း၊ ၇၉လမ်းနှင့် လမ်း၈၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သောင်းရင်(၉/မနမ(နိုင်)၀၂၈၉၁၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၇)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၂လမ်းနှင့် မြဝတီမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းနိုင်(၉/အမရ(နိုင်)၀၄၉၅၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၄/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြလေး(၉/မနမ(နိုင်)၀၁၆၀၇၁)၊ ဒေါ်ကြည်ကြည်မိုး(၁၂/ဗတထ(နိုင်)၀၂၉၇၆၇)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၀၈)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်အေး(၉/မရတ(နိုင်)၀၄၃၂၇၅)၊ ဒေါ်အေးအေးခိုင်(၉/မရတ(နိုင်)၀၄၃၂၇၆)၊ ဒေါ်ဆွေဆွေခိုင်(၉/မရတ(နိုင်)၀၄၃၂၇၈)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၃၉)၊ ၃၉(D)လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အားကို(ခ)အေးအေးစန်း(၉/မမန(နိုင်)၀၈၀၈၅၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၈)၊ ဦးပိုင်အမှတ်(၄၀)၊ ၈၄လမ်းနှင့် ၈၆လမ်းကြား၊ ၄၃လမ်းနှင့် ချမ်းမြသာစည်မြို့နယ်အစပ်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးအောင်ဇေယျ(၉/မနမ(နိုင်)၀၉၁၇၇၈)၊ ဒေါ်သန်းသန်းမင်း(၉/မရတ(နိုင်)၀၁၃၈၉၁)၊ ဒေါ်နော်ရမိုးနှာ(၁၂/မရက(နိုင်)၀၅၀၄၆၇)၊ ဦးအောင်မျိုးကြိုင်(၉/မရတ(နိုင်)၀၂၂၀၆၆)တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၇)၊ ဦးပိုင်အမှတ်(၂၃)၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၆၄(ဘီ)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီလွင်ပါ(၄)ဦးအနက် ဒေါ်ရီရီလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၂၈)၊ ဦးထွန်းလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၄၀)၊ ဒေါ်သီသီလွင်(၁၂/ဒဂန(နိုင်)၀၁၉၇၁၂)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၀၅၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းလွင်(၁၂/အစန(နိုင်)၀၁၅၅၂၈)က ၄င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၅)၊ ဦးပိုင်အမှတ်(၁၁+၁၂-က)၊ ၆၃(A)လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သင်းသင်းဆွေ(၉/ပသက(နိုင်)၀၀၀၀၉၃)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၁၁)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ တပ်သားထောင်စွန်းထန်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သစ်သစ်ဆွေက တရားပြိုင် တပ်သားထောင်စွန်းထန်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သစ်သစ်ဆွေ(၉/မမန(နိုင်)၀၀၀၅၀၄)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ် ...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးများကို အထူးကုန်ရထားဖြင့် ပို့ဆောင်

နေပြည်တော် စက်တင်ဘာ ၂၄

ငလျင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော HRB 500 အမျိုးအစား သံချောင်းလုံးများကို ရန်ကုန်မြို့မှ မန္တလေးမြို့သို့ အထူးကုန်ရထားဖြင့် ပို့ဆောင်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ အထူးကုန်ရထားသည် သံချောင်းလုံး စုစုပေါင်း တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်အားတင်ဆောင်၍ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မလွန်ကုန်းဘူတာမှ စတင်ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ခဲ့ပြီး နေပြည်တော်မှ ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ❑

# တိုင်ဖွန်းမုန်တိုင်း ရာဂါဆာ အခြေအနေ


နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" သည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံ ရှုချွမ်ကျွန်းမှဖြတ်ကျော်ခဲ့ကာ တရုတ်နိုင်ငံ ရန်ကျမ်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၂၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၁၂ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၅၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း တရုတ်နိုင်ငံ

စာမျက်နှာ ၅ သို့ ○



# ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းနှင့် သစ္စာအားမာန်အမျိုးသမီးအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း၏ MWL ပထမအကျော့နောက်ဆုံးပွဲစဉ်အဖြစ် သစ္စာအားမာန်အမျိုးသမီးအသင်းကိုအိမ်ကွင်းတွင် ယနေ့ ညနေပိုင်းက လက်ခံကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် သစ္စာအားမာန်အမျိုးသမီးအသင်းအား တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ပြီး တိုက်စစ်ကစားသမားဇင်မိုးပြည့်၏ အလွတ်တည်ကန်ဘောနှင့် ဧရိယာထိပ်မှကန်သွင်းချက်များသည် ဂိုးတိုင်ထိထွက်ခဲ့ခြင်းကြောင့် သွင်းဂိုးများမြင်တွေ့ခဲ့ရခြင်းမရှိဘဲ ပထမပိုင်းအား ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင်အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများမြင်တွေ့ခဲ့ရပြီး(၄၈)မိနစ်တွင် သစ္စာအားမာန်အသင်းမှ အဖွင့်ဂိုးရရှိခဲ့ကာ ဝေဖူးအိမ်မှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပွဲချိန် (၆၀)မိနစ်တွင် သစ္စာအားမာန်နောက်တန်း၏ အမှားမှတစ်ဆင့် ရန်ကုန်ယူနိုက်တက်တိုက်စစ်ကစားသမား စုစုကြည်က ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်အသင်းမှ ဆက်လက်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် ထပ်မံဂိုးမရရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် လက်ရှိတွင် (၈)ပွဲကစား၊ (၅)ပွဲနိုင် ၊ (၂)ပွဲသရေ၊ (၁) ပွဲရှုံး၊ ရမှတ်(၁၇)ဖြင့် အမှတ်ပေးဇယားအား ယာယီဦးဆောင်နေပြီး လာမည့် ဒီဇင်ဘာ ၂၅ ရက်တွင် Young Lionesses အသင်းနှင့် ပဒုမ္မာကွင်းတွင် MWL ဒုတိယအကျော့အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

